သတင်းလွှာ





အတွဲ(၄)၊အမှတ်(၂၅)။

၂၀၁၀ ခုနှစ်၊ဇွန်လ(၄)ရက်၊သောကြာနေ့

# ပြည်တွင်းသတင်း

## မီးကြောင့် အဓိကဆေးဈေးကွက်မှာ ဗိုလ်ချုပ်အောင်ဆန်းဈေး ဖြစ်လာမည်

မင်္ဂလာဈေး စတုတ္ထထပ်ရှိ ဆေးဆိုင်ခန်းများ မီးလောင်ဆုံးရှုံးခဲ့သော်လည်း ရန်ကုန်မြို့ရှိ ဆေးပစ္စည်းဈေးကွက်မှာ ထိခိုက်မှုမရှိနိုင်သလို ယခင် ရန်ကုန်မြို့၏ အဓိကဆေးပစ္စည်းဈေးကွက်ဖြစ်သော မင်္ဂလာဈေးနေရာအစား ဗိုလ်ချုပ်ဈေးဆေးဈေးကွက်မှာ အဓိကဖြစ်လာကြောင်း မြန်မာနိုင်ငံနှင့် ဆေးပစ္စည်းကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်းဒု-ဥက္ကဋ္ဌ ဦးသန့်စင်က ပြောကြားသည်။ ယခင်က ဗိုလ်ချုပ်ဈေးမှာ ရန်ကုန်မြို့ဈေးကွက်၏ ဒုတိယဈေးကွက်ဖြစ်ပြီးယခုအခါတွင် အဓိက ဈေးကွက်အဖြစ်သို့ရောက်ရှိလာကြောင်း ယင်းအသင်းမှ စီးအီးစီ ဦးခင်မောင်အေးကပြောကြားသည်။ "မီးလောင်မှုစဖြစ်တဲ့နေ့ကစပြီးနယ်ကဆေးမှာတဲ့လူတွေကိုဗိုလ်ချုပ်ဈေးမှာရောင်းပေးတယ်။ ဗိုလ်ချုပ်ဈေးဆေးဈေးကွက်ကလည်းတစ်နိုင်ငံလုံးရဲ့ အရန်ဈေးကွက်လို့ပြောလို့ရတယ်။ မင်္ဂလာဈေးပြီးရင် သူကဒုတိယပဲ။အခုဆေးဈေးကွက်ကလည်းဗိုလ်ချုပ်ဈေးမှာပဲရှိတယ်" ဟုဦးခင်မောင်အေးကပြောသည်။ မင်္ဂလာဈေးရှိဆေးဆိုင်ခန်းများ မီးလောင်ဆုံးရှုံးသွားသော်လည်း မိုးရာသီတွင် ဖြစ်ပေါ်တတ်သော ရောဂါများအတွက် ဆေးကုမ္ပဏီများတွင် ဆေးဝါးလုံလုံလောက်လောက်ရှိကြောင်းအဆိုပါ အသင်းမှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ သင်းနွယ်ဝင်းကပြောကြားသည်။ အဆိုပါမီးလောင်မှုကြောင့် ဆေးဈေးကွက်အတွင်း ကြီးကြီးမားမားဆုံးရှုံးမှုများမရှိနိုင်သလို၊မီးလောင်ခံရသောဆေးဆိုင်ခန်းပိုင်ရှင်များအား ကုမ္ပဏီများမှ ဆေးများထပ်မံချမပေးခြင်းများလည်းရှိမည်မဟုတ်ကြောင်း ဦးခင်မောင်အေးကပြောကြားသည်။ ကုမ္ပဏီတွေက ဆေးဆိုင် တွေကို ခေါက်ပြန်ကြေးနဲ့ ပေးကြတာများတယ်။ အခုလို မီးလောင်သွားတော့ တချို့က ဆေးတွေကို ကုမ္ပဏီက ထပ်ပြီးချမပေးတော့ဘူးလို့ ထင်နေတယ်။ အကောင်းဆုံးဥပမာ ပြောရရင်မန္တလေးဈေးချိုမီးလောင်တုန်းက ဆေးဆိုင်အများဆုံးပါတယ်။ ကုမ္ပဏီတွေကလည်းခေါက်ပြန်ကြေးနဲ့ အရင်အကြွေးပါ ဆပ်ခိုင်းပြီး ချပေးတာများတယ်။ တချို့ကုမ္ပဏီတွေကလည်း ၃လ၊ ၆လ စောင့်ပေးတာရှိတယ်။ ဒီလိုပဲကုမ္ပဏီနဲ့ရောင်းသူတွေနားလည်မှုနဲ့လုပ်ကြတဲ့အတွက် ဈေးကွက်ထိခိုက်မှုမရှိနိုင်ပါဘူး။ကုမ္ပဏီတွေကလည်း ဆေးတွေကိုတင်သွင်းရန် ၄လစာကနေတစ်နှစ်စာအထိ တင်သွင်းကြတယ်။ ဆိုင်တွေကို ချပေးရင်လည်း ၂ပတ်စာ၊ ၁လစာပဲရှိတယ်။ ကုမ္ပဏီရဲ့လက်ကျန် အနေအထားကြည့်ရင် အကြီးအကျယ်ဆုံးရှုံးမှု မဟုတ်ဘူး။ ဈေးကွက် အတွင်းမှာလည်း ဆေးဝါးလုံလုံလောက်လောက်ရှိတဲ့အတွက် ဈေးကွက်ထိခိုက်တယ်လို့မဆိုလိုနိုင်ပါဘူး" ဟုဦးခင်မောင်အေးကထပ်မံပြောကြားကြောင်း၂၀၁၀ခုနှစ် ဇွန်လ ၂ရက်နေ့ထုတ် News Watch Weekly ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံတွင် အအေးပိုင်းငါးမွေးမြူရန်နှင့် သားဖောက်စခန်းတည်ထောင်ရန် ပုဂ္ဂလိကကုမ္ပဏီတစ်ခုသို့ လိုင်စင်ပေးအပ်

မြန်မာနိုင်ငံတွင် အအေးပိုင်းငါးမွေးမြူရန်နှင့် သားဖောက်စခန်းတည်ထောင်ရန်အတွက် မွေးမြူရေးနှင့်ရေ လုပ်ငန်းဝန်ကြီးဌာနငါးလုပ်ငန်းဦးစီးဌာနမှပုဂ္ဂလိကကုမ္ပဏီသို့ လိုင်စင်ပေးခဲ့ကြောင်းသိရှိရသည်။ မြန်မာနိုင်ငံတွင် အအေးပိုင်း ငါးမွေးမြူခြင်းမှာ ပထမဆုံးဖြစ်ပြီး အအေးပိုင်းငါးတစ်မျိုးဖြစ်သည့် စတာဂျင် (Sturgeon)ငါးအားဗီယက်နမ်နိုင်ငံမှ သားပေါက်များသယ်ဆောင်၍ စမ်းသပ်မွေးမြူခဲ့ခြင်းဖြစ်ပြီး ယူကရိန်းပညာရှင်များက ကြီးကြပ်ခဲ့ကြောင်းသိရသည်။ လက်ရှိတွင်စမ်းသပ်မွေးမြူမှုမှာ အောင်မြင်သောကြောင့်လိုအပ်သည့်နည်းပညာများနှင့် လေ့ကျင့်မှုများကို ဗီယက်နမ်နိုင်ငံမှ ကုမ္ပဏီတစ်ခုက ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်း သိရသည်။ "စတာဂျင်ငါးကို ဗီယက်နမ်နည်းပညာနဲ့ စမ်းသပ်မွေးမြူတာအောင်မြင်ပါတယ်။ မွေးမြူခွင့်နဲ့ သားဖောက်ထုတ်လုပ်ခွင့်လိုင်စင်လည်း ရပါပြီ။ စတာဂျင် ငါးဥက ဥရောပဈေးကွက်ရှိပါတယ်။ ဈေးလည်းအရမ်းကောင်းပါတယ်။ ဥကနေ သားဖောက်ဖို့ကိုလာမယ့်ဒီဇင်ဘာလလောက်မှာ စလုပ်ဖို့စီစဉ်နေပါတယ်" ဟု ပုလဲနဒီကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ စမ်းသပ်မွေးမြူမှုအောင်မြင်သည့်စတာဂျင်ငါးမွေးမြူမှုနှင့်သားဖောက်ထုတ်လုပ်ခွင့်လိုင်စင်အား ငါးလုပ်ငန်းဦးစီးဌာနမှ ပုလဲနဒီကုမ္ပဒီသို့ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါစတာဂျင်ငါးစမ်းသပ်မွေးမြူမှုကို ရှမ်းပြည်နယ်တွင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ကချင်ပြည်နယ် တွင်လည်း မွေးမြူရန်အစီအစဉ်ရှိကြောင်း သိရသည်။ အဆိုပါစတာဂျင်ငါးများမှာ ငါးဥနှင့်အသားရောင်းချနိုင်ပြီး စတာဂျင်ငါးဥမှာ ဥရောပဈေးကွက်တွင် စားသုံးမှုများပြီး ဈေးနှုန်းအနေဖြင့် လက်ရှိတွင် ငါးဥတစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၁၅၀၀ ဝန်းကျင်ခန့်ရှိကြောင်းနှင့် အသားတစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၁၅ ဒေါ်လာဝန်းကျင်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် အအေးပိုင်းငါးအပြင် ကျောက်ပုစွန်နှင့် ပင်လယ်မျှော့မွေးမြူရေးလုပ်ငန်းကိုပါ ဗီယက်နမ်ပုဂ္ဂလိကကုမ္ပဏီနှင့် ပုလဲနဒီကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သွားရန်ရှိကြောင်း ၂၀၁၀ ခုနှစ် ဇွန်လ ၂ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## သီရိမင်္ဂလာဈေးနေရာသစ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ရမည်ဟု တရားဝင်ကြေညာ

ရန်ကုန်မြို့ သီရိမင်္ဂလာဈေးကြီးရှိ ကုန်စိမ်းတန်းနှင့် ငါးပိငါးခြောက်တန်းများ လှိုင်မြို့နယ်ရှိ နေရာသစ်သို့ ပြောင်းရွှေ့ ဖွင့်လှစ်ရမည့် အကြောင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဈေးသူဈေးသားများအား မေလ ၂၈ရက်နေ့တွင် တရားဝင်စာတင်အသိပေးကြေညာလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနတာဝန်ရှိသူတစ်ဦးက မေလ ၂၈ရက်နေ့တွင် အဆိုပါဈေးကြီးရှိ ဈေးဆိုင်များ နေရာသစ်သို့ ပြောင်းရွှေ့ဖွင့်လှစ်သွားမည့်အကြောင်းကို ဈေးသူဈေးသားများနှင့် ဈေးမိဈေးဖများအား တရားဝင် စာတင်အသိပေးကြေညာခဲ့ခြင်းဖြစ်သည်ဟု သိရှိရသည်။ ယင်းသို့ အသိပေးကြေညာခဲ့ခြင်းနှင့်အတူ ဈေးသစ်တည်ဆောက်ခြင်း၊ ဈေးသစ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခြင်းနှင့် ဈေးသစ်ရှိ ဆိုင်ခန်းများအတွက် ငွေကြေးထပ်မံ ပေးအပ်ရန် မလိုအပ်သည့်အပြင် အခွန်အခနှုန်းထားများကိုလည်း လက်ရှိဈေးတွင် ကောက်ခံနေသည့် အတိုင်းသာ ဆောင်ရွက်သွားမည်ဟု အသိပေးကြေညာခဲ့သည်ဟု တာဝန်ရှိသူတစ်ဦးကဆိုသည်။ ပြောင်းရွှေ့ဖွင့်လှစ်သွားမည့် လှိုင်မြို့နယ် ဘုရင့်နောင်လမ်း ပိတောက်ချောင်းအနီးရှိ မြေဧက ၁၂ ဧက ကျယ်ဝန်းသော မြေနေရာတွင် တစ်ထပ်ဈေးကြီးအဖြစ် ဖွင့်လှစ်သွားနိုင်ရန် ဆောင်ရွက်လျက်ရှိသည်ဟု သိရပြီး ကားအစီးရေ ၂၀၀၀ကျော် ရပ်နားနိုင်သည့် ကားပါကင်ပါရှိမည်ဖြစ်သည်။ တစ်ထပ်ဟောလ်တိုက်ပုံစံဖြစ်ကာ အောက်ခြေအုတ်ခံမှ အမိုးအထိအမြင့်မှာ ၁၆ပေခန့်ရှိမည်ဟု သိရသ်။ အသစ်တည်ဆောက်လျက်ရှိသည့် ကုန်စိမ်းဈေးကြီး တည်ဆောက်ပြီးစီးသွားပါက လက်ရှိဈေးကြီးတွင် ရောင်းချနေသော မူလဆိုင်ခန်းများကို နေရာပြန်လည် ချထားပေး၍ ပြောင်းရွှေ့ရောင်းချစေမည်ဖြစ်ကြောင်း သိရသည်။ ပြောင်းရွှေ့ဖွင့်လှစ်စေခြင်း၏ အဓိကရည်ရွယ်ချက်မှာအဆိုပါဈေးပတ်ဝန်းကျင်တွင်အချိန်ကြာမြင့်စွာယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်နေတတ်ခြင်းနှင့်ယာဉ်ရပ်နားမှုအခက်အခဲများရှိနေသည့်အပြင်ယာဉ်အန္တရာယ်လည်း ရှိနိုင်သည့်အတွက် ယာဉ်ရပ်နားမှု အဆင်ပြေစေနိုင်မည့်နေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ရခြင်းဖြစ်သည်ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၂ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း မှ အဆက်

## MRTV-3 New Studio Complex မြေနှင့် အဆောက်အအုံအား ရွှေတောင်ကုမ္ပဏီက ကျပ်သန်း တစ်သောင်းသုံးထောင်ဖြင့် အပြီးအပြတ်ဝယ်ယူ

ရန်ကုန်မြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လက်အောက်ရှိ MRTV-3 New Studio Complex အဆောက်အအုံနှင့် မြေနေရာအား ငွေကျပ်သန်း ၁၃,၀၀၀.၀၀၀ ဖြင့်အပြီးအပြတ်ဝယ်ယူခဲ့ခြင်းဖြစ်သည်ဟု သိရှိရသည်။ ယင်းအတွက် Down payment ကျပ်သန်း ၂,၀၀၀.၀၀ ကို ၂၀၀၉ခုနှစ် ဇူလိုင်လတွင် ပေးသွင်းခဲ့ပြီး ဖြစ်သည်ဟု သိရသည်။ ရွှေတောင်ကုမ္ပဏီအနေဖြင့် ငွေကျပ်သန်း ၄,၅၀၀ ကို နှစ်နှစ်အတွင်း ပေးသွင်းခွင့် ရမည်ဖြစ်ကာ ငွေကျန် ကျပ်သန်း ၆၅၀၀ ကို သုံးနှစ်အတွင်း ခြောက်ရစ်ခွဲ၍ ပေးသွင်းခွင့် ရရှိခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။ MRTV-3 New Studio Complex အဆောက်အအုံနှင့် မြေနေရာအား ရွှေတောင်ကုမ္ပဏီအနေဖြင့် ငွေအပြီးသတ်ပေးချေပြီးပါက ပြန်ကြားရေး ဝန်ကြီးဌာနက စနစ်တကျလွှဲပြောင်း ပေးသွားမည်ဖြစ်သည်။ ယင်းအဆောက်အအုံနှင့် မြေကို အပြီးအပြတ် အမည်ပေါက်ဝယ်ယူထားသူ ဝဏ္ဏကျော်ထင် ဦးအောင်ဇော်နိုင် (အုပ်ချုပ်မှု ဒါရိုက်တာ၊ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်)အား မြေဂရမ် ထုတ်ပေးရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကတာဝန်ယူရမည်ဖြစ်သည်ဟုသိရသည်။ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ MRTV-3 New Studio Complex အဆောက်အအုံနှင့် မြေနေရာအပြင် ပြန်ကြားရေးဝန်ကြီးဌာန၏ မြန်မာ့ရုပ်ရှင်လုပ်ငန်းပိုင် ရန်ကုန်မြို့ ပြည်လမ်းပေါ်ရှိ ရတနာပုံရုပ်ရှင်ရုံ မြေနေရာနှင့် အဆောက်အအုံကိုလည်း ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးအား ငွေကျပ် ၉၂၀.၇၁၀ သန်းဖြင့် ရောင်းချခဲ့ပြီး ဖြစ်ကြောင်း သိရှိရသည်။ ရန်ကုန်မြို့တွင်နိုင်ငံပိုင် ဝန်ကြီးဌာန အဆောက်အအုံများအား ပုဂ္ဂလိကနှင့် အဖွဲ့အစည်းများသို့ အပြီးအပြတ် ရောင်းချရန် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ထိန်းသိမ်းထားသည့်အဆောက်အအုံပေါင်း ၂၀ကျော်ရှိပြီး ယင်းတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန စုပေါင်းရုံးများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနစုပေါင်းရုံးများ၊ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန(သိမ်ဖြူ)ရုံး၊ရထားပို့ဆောင်ရေးဝန်ကြီးဌာန(ဗိုလ်မြတ်ထွန်းလမ်းနှင့်ကုန်သည်လမ်းထောင့်)၊ပို့ဆောင်ရေးဝန်ကြီးဌာန(သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်)၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး(ပြည်လမ်း)၊ မြန်မာနိုင်ငံ စာစစ်အဖွဲ့(အနော်ရထာလမ်းနှင့် လသာလမ်းထောင့်)၊ သမဝါယမဝန်ကြီးဌာနဝန်ကြီးရုံး(ဗိုလ်ချုပ်လမ်း) စသည့်အဆောက်အအုံများ ပါဝင်သည်ဟု သိရှိရကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၂ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံတွင် ကျင်းပသွားမည့် ရွေးကောက်ပွဲများသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆီသို့ လမ်းပွင့်စေလိမ့်မည်ဟု အာဆီယံ မျှော်လင့်ကြောင်း အာဆီယံအတွင်းရေးမှူးချုပ် ဆူရင်ပစ်ဆူဝမ် ဆို

မြန်မာနိုင်ငံတွင် ကျင်းပသွားမည့် ရွေးကောက်ပွဲများသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆီသို့လမ်းပွင့်စေလိမ့်မည်ဟုအာဆီယံအတွင်းရေးမှူးချုပ်ဆူရင်ပစ်ဆူဝမ် က ပြောကြားခဲ့သည်ဟု သတင်းဖော်ပြချက်များအရ သိရသည်။ အာဆီယံ အတွင်းရေးမှူးချုပ် ဆူရင်ပစ်ဆူဝမ်က စပိန်နိုင်ငံမက်ဒရစ်မြို့တွင် မေလ ၂၆ရက်က ကျင်းပခဲ့သည့်(၁၈)ကြိမ်မြောက် အာဆီယံ-အီးယူ ဝန်ကြီးများ အစည်းအဝေးအပြီး ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ယင်းအစည်းအဝေးသို့ အာဆီယံနှင့် အီးယူအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ၄င်းတို့၏အမြင်များကိုလည်း ဖလှယ်ခဲ့ကြကြောင်း တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။ အာဆီယံတွင် မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်တို့ပါဝင်ပြီး အာဆီယံကို၁၉၆၇ခုနှစ် ဩဂုတ်လ၈ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။မြန်မာနိုင်ငံတွင် လက်ရှိ၌ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့်ပါတီ ၄၂ပါတီ ရှိသွားပြီဖြစ်ပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီ ၃၁ပါတီအနက် ၂၄ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ထုတ်ပြန်ချက်အရသိရသည်။ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများပြီးစီးပါက ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ကြေညာသွားမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးကပြောကြားထားသည်။ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသည် ယခုနှစ်အတွင်း လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကျင်းပသွားမည်ဟု ပြောကြားထားသည်။ကျင်းပသွားမည့် ရွေးကောက်ပွဲများသည်မြန်မာနိုင်ငံတွင်နှစ်ပေါင်း ၂၀အတွင်း ပထမဆုံး ကျင်းပသည့် ရွေးကောက်ပွဲများ ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၂ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ဆုံးရှုံးသွားသော ဆေးများအတွက် သွင်းကုန်လိုင်စင်လျှောက်ထားလိုပါက ဆေးအသင်းအား အကြောင်းကြားနိုင်ကြောင်းသိရ

မင်္ဂလာဈေးမီးလောင်မှုကြောင့် ဆေးဝါးများ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့၍ ပြည်တွင်းဆေးလိုအပ်ချက်အတွက် ပြည်ပမှဆေးဝါးများ တင်သွင်းလိုပါက သွင်းကုန်လိုင်စင်လျှောက်ထားရမည်ဖြစ်ပြီး၊ မြန်မာနိုင်ငံဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းသို့ အကြောင်းကြားနိုင်ကြောင်းနှင့် အသင်းမှတစ်ဆင့်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ဦးဆောင်၍ လျှောက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ မင်္ဂလာဈေးမီးလောင်မှုကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာမည့် ဆေးဈေးကွက်အခြေအနေများအပြင်၊ ဆေးဝါးလုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်မည့်နည်းလမ်းများကို စစ်ဆေးသွားမည်ဖြစ်ကြောင်းနှင့် ဆေးကုမ္ပဏီများကိုလည်း ရစရာရှိသည့်အကြွေးများအားအချိန်ကာလတစ်ခုအထိဆိုင်းငံ့ပေးစေလိုကြောင်းနှင့် Discount Limit Amount ကိုပါ လျော့ချပေးစေလိုကြောင်း မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင် များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ "ကျွန်တော်တို့ဘက်က Discount Limit ရော၊ Time Limit ရောပေးဖို့ စီစဉ်ထားပါတယ်။အခုဆေးတွေပြန်လည်ရောင်းချပေးနေပါပြီ။ သတ်မှတ်ထားတဲ့ပမာဏအထိ မှာယူနိုင်ပါတယ်"ဟု ဆေးကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ လုပ်ငန်းရှင်များဘက်မှ ဆေးတင်သွင်းမှုအတွက်အခွန်လျှော့ချပေးစေလိုသည့်ဆန္ဒရှိကြကြောင်းနှင့် အလားတူ နိုင်ငံတော်ပိုင်းမှ ထောက်ပံ့မှုများကို မျှော်လင့်လျက်ရှိကြကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၂ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပြည်တွင်းဝက်ဘ်ဆိုက်များ စီးပွားဖြစ်ရပ်တည်နိုင်သည့်အနေအထားသို့ မရောက်ရှိသေး

မြန်မာနိုင်ငံတွင် အင်တာနက်ကို စတင်သုံးစွဲခွင့် ရရှိခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုအတွင်းသို့ ဝင်ရောက်လာပြီဖြစ်သော်လည်း အွန်လိုင်းဝက်ဘ်ဆိုက်များမှာ စီးပွားဖြစ်ရပ်တည်နိုင်သည့် အနေအထားသို့ ရောက်ရှိလာခြင်းမရှိသေးကြောင်း ဝက်ဘ်ဆိုက်လွှင့်တင်သည့် ကုမ္ပဏီအချို့မှ တာဝန်ရှိသူများကပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းပြောကြားသည်။ ဖျော်ဖြေရေး၊ သတင်းအချက်အလက်နှင့် အခြားရည်ရွယ်ချက်များဖြင့် လွှင့်တင်ထားသည့် ဝက်ဘ်ဆိုက်များသည် ဝင်ငွေရှာဖွေရာတွင် အဓိကအားဖြင့် ကြော်ငြာမှ ရရှိငွေကိုသာ မှီတည်လေ့ရှိကြပြီး သုံးစွဲသူများဘက်မှ အခကြေးငွေကောက်ခံခြင်းမှာ နည်းပါးကြောင်း၊ သို့ရာတွင် ပြည်တွင်းရှိ ကြော်ငြာရှင်များမှာ အွန်လိုင်းကြော်ငြာထက် သမားရိုးကျကြော်ငြာပုံစံများကိုသာ ပိုမိုအားထားကြသည့်အတွက်ကြောင့် အွန်လိုင်းဝက်ဘ်ဆိုက်များ အနေဖြင့် ကြော်ငြာဝင်ငွေဖြင့် ရပ်တည်နိုင်သည့် အနေအထားတွင်မရှိသေးကြောင်းသိရသည်။ ဝက်ဘ်ဆိုက်များအနေဖြင့် ကြာရှည်တည်တံ့ပြီး အောင်မြင်မှုရရှိစေရန်အတွက် သတင်းများကို အချိန်နှင့် တစ်ပြေးညီတင်ပေးနိုင်ရန် လိုအပ်ကြောင်း၊ သို့မှသာ သုံးစွဲသူများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း http://www.soccermyanmar.com ကို လွှင့်တင်ထားသည့် Ideal Technology မှ တာဝန်ရှိသူတစ်ဦးက သုံးသပ်သည်။ ထို့ပြင် ဝက်ဘ်ဆိုက်တွင် ပါဝင်သည့် သတင်းအကြောင်းအရာများ၏ အရည်အသွေးမှာလည်း ကောင်းမွန်ပြီး တိကျသေချာရန် လိုအပ်ကြောင်း၊ သို့မှသာ လူစိတ်ဝင်စားမှု ပိုရရှိနိုင်ပြီး အောင်မြင်နိုင်မည်ဖြစ်ကြောင်း ၄င်းကသုံးသပ်ပြောကြားကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၃ရက်နေ့ထုတ် အင်တာနက် ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း

## လတ်တလောဈေးကွက်အနေအထားနှင့် ငွေကြေးလည်ပတ်ပုံအရ အသေးစားနှင့် အလတ်စားလုပ်ငန်းအချို့အတွက် ဈေးကွက်အေးနေ

လတ်တလောဈေးကွက်အနေအထားနှင့် ငွေကြေးလည်ပတ်ပုံအရ အသေးစားနှင့် အလတ်စားလုပ်ငန်းအချို့အတွက်ဈေးကွက်အေးနေပြီးလည်ပတ်နိုင်ရုံအခြေအနေသာရှိကြောင်း အဆိုပါအသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရပါသည်။ "လုပ်ငန်းက လည်နိုင်ရုံပဲ ရှိတယ်။ တချို့ကုန်ပစ္စည်းတွေ ဈေးကောင်းနေပေမယ့်အရောင်းအဝယ်မလုပ်နိုင်တာလည်းရှိတယ်။ အခြေခံမသုံးမဖြစ် ကုန်ပစ္စည်းတွေလည်း အရောင်းအဝယ်မသွက်ဘူး။ တကယ်လိုအပ်သလောက်ကိုပဲ လိုအပ်မှ အသုံးပြုခါနီးလောက်မှ ဝယ်ကြတဲ့ သဘောပါ။ ငွေကြေးလည်ပတ်တဲ့ အနေအထားက ကျွန်တော်တို့ဘက်က အကြွေးနဲ့ဖြန့်ပေးမှ ဝယ်သူဘက်က အဆင်ပြေတဲ့ အခြေအနေရှိပါတယ်။ လောလောဆယ် လည်ပတ်နိုင်ရုံဖြစ်နေတာကြောင့် အရင်းအနှီးထပ်ထည့်ဖို့၊ လုပ်ငန်းတိုးချဲ့ဖို့လုပ်ဦးမှာ မဟုတ်ဘူး" ဟု ကုန်စည်ရောင်းဝယ်ရေးလုပ်ငန်းရှင် တစ်ဦးကပြောကြားခဲ့ပါသည်။ "လက်ရှိစီးပွားရေး အခြေအနေက အေးနေတယ်။ ဝိုင်းပြီးစောင့်ကြည့်နေကြတယ်လို့ ယူဆပါတယ်။ စီးပွားရေးလုပ်ငန်းတွေက သူ့အတိုင်းအတာနဲ့သူ လည်ပတ်နိုင်ဖို့၊ အကျိုးအမြတ်ရဖို့ ကြိုးစားမှာပါ။ ဒါပေမယ့်ဈေးကွက်နဲ့ ငွေကြေးလည်ပတ်ပုံကိုကြည့်ရင်သိနိုင်ပါတယ်။ အသေးစားနဲ့အလတ်စားလုပ်ငန်းတွေအတွက် ဈေးကွက်အေးနေပေမယ့် လုပ်ငန်းမျိုးစုံ လုပ်နိုင်တဲ့စီးပွားရေးလုပ်ငန်းမျိုးစုံလုပ်နိုင်တဲ့စီးပွားရေးလုပ်ငန်းကြီးတွေက လှည့်ပြီးမျိုးစုံလုပ်သွားနိုင်တဲ့အတွက် ဈေးကွက်အေးလည်း သူတို့အတွက် အခက်မတွေ့ဘူး။ အရင်းအနှီးတောင့်တင်းတဲ့ လုပ်ငန်းကြီးတွေဖြစ်တဲ့အတွက် အခွင့်အရေးပေးရင်ပေးသလို ပိုအင်အားကြီးလာမယ့် အနေအထားပါ။ ဒါပေမယ့် နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တည်ငြိမ်မှုတွေကိုထိန်းညှိပေးနိုင်တဲ့လူလတ်တန်းစားပေါ်ထွန်းဖို့အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေက ပိုအရေးကြီးတယ်" ဟု စီးပွားရေးစီမံခန့်ခွဲမှုပါမောက္ခ(ငြိမ်း) ဒေါ်လှမြင့်က ထင်မြင်ချက်ပေးခဲ့ပါသည်။ "အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေပိုတိုးတက်လာဖို့အတွက် စက်မှုလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းတွေချဲ့ထွင်ပေးဖို့၊ ပံ့ပိုးပေးဖို့လိုတယ်။ ဒီလိုလုပ်လိုက်ရင် တစ်ဖက်မှာလည်း အလုပ်အကိုင်တွေဖြစ်ထွန်းလာမယ်။ စိုက်ပျိုးထုတ်လုပ်သူကနေ ရောင်းချသူအထိ ငွေကြေးပိုလည်ပတ်လာမယ်။ အခုဖြစ်နေတာက လူအများစုလက်ထဲမှာ ငွေမရှိဘူး၊ ရှိတဲ့လူက အနည်းစုပဲရှိတယ်။ ဈေးကွက်ကအေးနေတော့ ရှိတဲ့လူတချို့ကဝင်ပြီး မရင်းနှီးချင်တာရှိနိုင်တယ်။ ဈေးကွက်နဲ့ စီးပွားရေးအနေအထားကို စောင့်ကြည့်တဲ့လူများတာ၊ ရင်းနှီးဖို့လက်တွန့်သူများတာ၊ လူတချို့၊ လုပ်ငန်းတချို့ပဲ စီးပွားရေးကောင်းနေတာတို့က စီးပွားရေးပတ်ဝန်းကျင်အတွက် ပုံမှန်မဟုတ်တာကြောင့် ထိန်းထိန်းသိမ်းသိမ်း လုပ်ဖို့လိုမယ်" ဟု စီးပွားရေးပါမောက္ခတစ်ဦးကသုံးသပ်ပြောကြားခဲ့ကြောင်း ၂၀၁၀ ခုနှစ် ဖွန်လ ၂၈ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## တပ်မတော်အတွင်းသို့ ရောက်ရှိသွားသော အသက်(၁၈)နှစ်အောက် ကလေးသူငယ်များအား မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံနိုင်မှု တစ်နှစ်အတွင်း ဦးရေ ၁၀၀ ရှိခဲ့

တပ်မတော်နှင့် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံးအကြား ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် တပ်မတော်အတွင်းသို့ ရောက်ရှိသွားသော အသက်(၁၈)နှစ်အောက် ကလေးသူငယ်များအား အုပ်ထိန်းသူများထံ ပြန်လည်အပ်နှံနိုင်မှု တစ်နှစ်အတွင်း ဦးရေ ၁၀၀ ရှိခဲ့ကြောင်း ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံးမှ သတင်းရရှိသည်။ " အယောက် ၁၀၀ မြောက် ဖြစ်တဲ့ကလေးတစ်ဦးကို မေလ ၂၆ရက်နေ့က အုပ်ထိန်းသူထံ ပြန်လည်အပ်နှံနိုင်ခဲ့ပါတယ် " ဟု ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံးမှ ဆက်သွယ်ညှိနှိုင်းရေးအရာရှိ စတီ(ဗ်)မာရှယ်က မေလ ၂၇ရက်နေ့တွင် ပြောကြားခဲ့သည်။ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ အမိန့် ညွှန်ကြားချက်များသည် အသက်(၁၈)နှစ်အောက် ကလေးသူငယ်များ တပ်မတော်အတွင်းသို့ စုဆောင်းမှုကို တားမြစ်ထားကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် အရွယ်မရောက်သေးသူကလေးသူငယ်များစစ်မှုထမ်းခြင်းမှ ကြိုတင်ကာကွယ်ရေး အသိပေးပညာပေးသင်တန်းများကို ပို့ချလျက်ရှိကြောင်းနှင့် သင်တန်းပြုလုပ်ရခြင်းမှာ တပ်သားသစ်များ စုဆောင်းရာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်ကျစွာ ဆောင်ရွက်နိုင်ရန်နှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကြိုတင်ကာကွယ်ရန် ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၄ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## အန္တရာယ်ရှိ အဆောက်အအုံ ၂၅လုံးအနက် အဆောက်အအုံအချို့ကို နှစ်နှစ်အတွင်း အပြီးတည်ဆောက်ပေးရမည်

ပြိုကျနိုင်သည့် အန္တရာယ်ရှိ အဆောက်အအုံ ၂၅လုံးအနက်မှ အဆောက်အအုံအချို့ကို နှစ်နှစ်အတွင်း အပြီးတည်ဆောက်ပေးရမည်ဖြစ်ကြောင်း အဆိုပါအဆောက်အအုံအချို့ကို ဆောက်လုပ်ခွင့်ရရှိခဲ့သည့် ကုမ္ပဏီအချို့မှ သိရှိရသည်။ ရန်ကုန်တိုင်းရှိ အဆောက်အအုံ ၂၅လုံးကို အချိန်မရွေးပြိုကျနိုင်သည့်အတွက် အများပြည်သူများနေထိုင်ခြင်းမပြုကြရန် သက်ဆိုင်ရာမှ မတ်လအတွင်းကထုတ်ပြန်ခဲ့သည်။ ထို့နောက် အန္တရာယ်ရှိ အဆောက်အအုံများတွင် နေထိုင်သည့် ပြည်သူများကို ရွှေ့ပြောင်းကြရန်ညွှန်ကြားခဲ့ပြီးရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာဆောက်လုပ်ရေးလုပ်ငန်းများ စာချုပ်ချုပ်ဆိုကာ စတင်ဆောက်လုပ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ "အန္တရာယ်ရှိ အဆောက်အအုံတွေကို ဆောက်လုပ်တော့မယ်ဆိုရင် နေထိုင်တဲ့သူတွေကို အရင်ရွှေ့ပြောင်းဖို့ ဆောင်ရွက်ရပါတယ်။ ပြီးရင် သက်ဆိုင်ရာကို ဆောက်လုပ်ခွင့်ရဖို့ လုပ်ထုံးလုပ်နည်းအတိုင်း အဆင့်ဆင့်ပြုလုပ်ရပါတယ်။ ကျွန်တော်တို့ ဆောက်လုပ်ခွင့်ရရှိထားတဲ့ ပန်းဘဲတန်းမြို့နယ်က ပြိုကျသွားတဲ့ အဆောက်အအုံကိုတော့ ဖောင်ဒေးရှင်းစတူးတဲ့အချိန်ကစပြီး နှစ်နှစ်အတွင်း အပြီးတည်ဆောက်ပေးဖို့ ပါဝင်ပါတယ်။ ကျန်တဲ့အဆောက်အဦတွေကိုတော့ ဆောက်လုပ်မှုပုံစံပေါ်မူတည်ပြီး တစ်နှစ်ခွဲကနေ နှစ်နှစ်ကြား ကာလအတွင်းအပြီးတည်ဆောက်ပေးဖို့ညွှန်ကြားထားပါတယ်" ဟု Naing Group ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။ ယခုအချိန်၌ ပြန်လည်ဆောက်လုပ်ရန်သတ်မှတ်ထားသည့်အန္တရာယ်ရှိအဆောက်အအုံ ၂၅လုံးအနက်မှ အချို့ကို စတင်ဆောက်လုပ်ရန် လုပ်ငန်းစတင်နေပြီဖြစ်ကြောင်း သိရှိရသည်။ ထို့ပြင် ရန်ကုန်တိုင်းအတွင်း ဆောက်လုပ်လျက်ရှိသည့် စီမံကိန်းဝင်အဆောက်အအုံအချို့ကို ၂၀၀၉ခုနှစ်အတွင်း အပြီးတည်ဆောက်ရမည်ဟု သက်ဆိုင်ရာမှ ညွှန်ကြားထားသော်လည်း အဆိုပါအဆောက်အအုံအများစုမှာ လုပ်ငန်းပြီးပြတ်ခြင်း မရှိသေးကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၄ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပုဂ္ဂလိကဘဏ်တွေ ထပ်ပေါ်လာရင် ငွေကြေးပိုမိုလည်ပတ်လာမည်

ဘဏ်တွေမှာ ငွေအပ်ဖို့ စိတ်ဝင်စားတဲ့သူတွေက ပုဂ္ဂလိကဘဏ်တွေရဲ့ ခိုင်မာမှုကို လေ့လာသင့်တယ်လို့ သိရတယ်။ ပုဂ္ဂလိကဘဏ်အသစ်တွေ ထပ်ဖွင့်ခွင့်ရတော့ဘဏ်နဲ့ အလုပ်လုပ်ကိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေက စိတ်ဝင်စားကြတာ တွေ့ရတယ်။ " ပုဂ္ဂလိကဘဏ်တွေ ထပ်ပေါ်လာရင် ငွေကြေးနဲ့ လည်ပတ်ပြီး အလုပ်လုပ်မယ့်သူတွေအတွက် အဆင်ပြေနိုင်တယ်၊ ဘဏ်ရဲ့အတိုးနှုန်းအပေါ်မှာ မှီခိုပြီးအပ်နှံမယ့်သူတွေကတော့ ဘဏ်ရဲ့အနေအထား၊ နောက်ခံအခြေအနေ၊ ခိုင်မာမှုကို လေ့လာပြီး အပ်နှံဖို့ စဉ်းစားနိုင်တယ် " လို့ ကျော်ထရေးဒင်းမှ မန်နေးဂျင်း ဒါရိုက်တာ ဦးကျော်ဦးက ပြောပါတယ်။ ဘဏ်တွေက အပြိုင်အဆိုင်ပေါ်လာရင် ပုဂ္ဂလိကဘဏ်တွေက ပေးမယ့်အတိုးနှုန်းအခြေအနေကိုလည်း သိချင်တယ်။ အတိုးနှုန်းသာများရင် ငွေတိုးရချင်လို့ အပ်တဲ့သူတွေက ပုဂ္ဂလိကဘဏ်တွေဘက်ကို လှည့်လာနိုင်တယ်လို့ ဆိုပါတယ်။ " အပြင်မှာ ငွေတိုးချပေးတာထက် ဘဏ်ကပိုပြီး စိတ်ချရတယ်လို့ ယုံကြည်ကြတယ်၊ အတိုးရချင်တဲ့ သူတွေက ဘဏ်ကိုအပ်ကြတယ်၊ ရှိတဲ့ငွေလေးကို အတိုးလိုချင်လို့ အပ်ပြီးကာမှ အခြေအနေပြောင်းသွားမှာကိုလဲ စိုးရိမ်ကြတယ် " လို့ လပ်ကီး ပလတ်စတစ်အိတ်လုပ်ငန်းမှ မန်နေးဂျင်း ဒါရိုက်တာ ဦးလှဝင်းက ပြောပါတယ်။ " ကိုယ့်ငွေလေးကို တိုးပွားစေချင်လို့ လုပ်ကြတာ၊ အခိုင်အမာရှိမှန်းသိထားရင်တော့အပ်ရတာပိုအဆင်ပြေနိုင်တယ် " လို့ တော်ဝင်နှင်းဆီမှ ဥက္ကဋ္ဌ ဦးစိုးညွန့် ကပြောကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၄ရက်နေ့ထုတ် မော်ဒန် ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ရပ်နားထားသည့် ပြည်တွင်းရေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲ

မြန်မာနိုင်ငံမြောက်ပိုင်းဒေသတွင် မိုးများရွာသွန်းမှုနှင့် မေလအတွင်း ရေကြောင်းပို့ဆောင်ရေး၏ အဓိက မြစ်ကြီးများဖြစ်သော ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်များတွင်မြစ်ရေများ ပြန်လည်မြင့်တက်လာမှုများကြောင့် ရပ်နားထားသည့် ပြည်တွင်းရေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲနိုင်ပြီဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ ယခုနှစ်တွင် ယမန်နှစ်များထက်ပိုသည့် မြစ်များ၌ မြစ်ရေနည်းပါးမှုကို ကြုံတွေ့ခဲ့ပြီး ရေကြောင်းသွားလာမှုတွင်လည်း ရေကြောင်းကျပ်မှုများ ပိုမိုကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် ရေပါးရာသီရောက်တိုင်း ပြေးဆွဲမှု ယာယီရပ်နားရသည့် ခရီးစဉ်များကို ယခုနှစ်တွင် စောစီးစွာ ရပ်နားခဲ့ရကြောင်း သိရသည်။ လက်ရှိအချိန်တွင်မူဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ်များ၌ လက်ရှိရေမှတ်ထက် မြစ်ရေများမြင့်တက်လာမှုကြောင့် ရေကြောင်းသွားလာရေးလွယ်ကူလာပြီး ရပ်နားထားသည့် ခရီးစဉ်များ ပြန်လည်ပြေးဆွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။ ချင်းတွင်းမြစ်ဖျားပိုင်း ခရီးစဉ်တစ်ခုဖြစ်သည့် ဟုမ္မလင်း- ခန္တီးခရီးစဉ်ကို ရပ်နားထားရာမှ မေလ ၂၈ရက်နေ့မှစကာ ကေအမျိုးအစား ရေယာဉ်များဖြင့် ပြန်လည်ပြေးဆွဲပေးနေပြီး၊ မုံရွာ-ဟုမ္မလင်း၊ မုံရွာ-ကလေးဝ ခရီးစဉ်များကိုလည်းဇွန်လဆန်းပိုင်းတွင် စတင်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။ ထို့အပြင် မြစ်ရေနည်းပါးမှုကြောင့် ဆိပ်ကမ်းနေရာပြောင်းရွှေ့ဆိုက်ကပ်နေရသည့် ဗန်းမော်ခရီးစဉ်တွင်လည်း ကမ်းပါးနီဆိပ်မှ အထက်ဘက်တပ်ကလေးဆိပ်သို့ သွားရောက်ဆိုက်ကပ်နေပြီ ဖြစ်ကြောင်း သိရသည်။ ဧရာဝတီမြစ်တွင် မြစ်ရေများမြင့်တက်လာမှုကြောင့်လည်း ရေကြောင်းခရီးစဉ်သွားလာမှု ပိုမိုအဆင်ပြေမှု ရှိလာကြောင်း သိရှိရသည်။ ယခုအခါတွင် ရပ်နားထားသည့် ခရီးစဉ်များ ပြန်လည်ပြေးဆွဲနိုင်မှုကြောင့် ခရီးလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမှုနှင့်အတူ မကြာမီအချိန်အတွင်း ခရီးသည်နှင့် ကုန်ပြည့်တင်ဆောင်သွားလာနိုင်တော့မည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၄ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် (၂၀၁၀ပြည့်နှစ်၊ဇွန်လ ၃ရက်မှ ဇွန်လ ၉ရက်နေ့အထိ)

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။

မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်ပါသည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၂၁၀စင်တီမီတာ (ခုနစ်ပေခန့်)၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၁၅၀စင်တီမီတာ (ငါးပေခန့်)လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့တို့တွင် ၁၈၀စင်တီမီတာ (ခြောက်ပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၂၀စင်တီမီတာ (လေးပေခန့်) လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်ပါသည်။

# နိုင်ငံတကာသတင်း

## NTP စာချုပ် ပြန်လည်သုံးသပ်ရေးစည်းဝေးပွဲပြီးဆုံး

မေလဆန်းမှစ၍ ကုလသမဂ္ဂ ဌာနချုပ်တွင် ကျင်းပပြုလုပ်ခဲ့သော NTP စာချုပ် ၂၀၁၀ခုနှစ်အတွက် ပြန်လည်သုံးသပ်ရေးစည်းဝေးပွဲကို သောကြာနေ့က ကျင်းပပြီးစီးသွားပြီဖြစ်သည်။ အဖွဲ့ဝင် ၁၈၉နိုင်ငံမှ ကိုယ်စားလှယ်များတက်ရောက်၍ နျူကလီးယားလက်နက်ဖျက်သိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များချမှတ်၍ အရှေ့အလယ်ပိုင်းကို နျူကလီးယားကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ရေးကို သဘောတူညီခဲ့ကြသည်။ ဆယ်စုနှစ်အတွင်း ပထမဦးဆုံးအကြိမ်ကြီးမားသောသဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။အနုမြူပိုင်ဆိုင်သည့်ငါးနိုင်ငံကအနုမြူဖျက်သိမ်းရေးလုပ်ငန်းတွင် သိသာသော တိုးတက်မှုများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေးအပြင် အနာဂတ်ကာလတွင် အနုမြူလက်နက်များ၏ အခန်းကဏ္ဍနှင့်အရေးပါမှုကို လျှော့ချရေးအလေးပေးဆောင်ရွက်ရန်လည်း သဘောတူညီခဲ့ကြသည်။ (ဆင်ဟွာ)

## ဂါဇာသို့ ပေးပို့မည့် ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်ထားသောသင်္ဘောများ စတင်ထွက်ခွာ

အစ္စရေးနှင့် အီဂျစ်နိုင်ငံတို့က ၃နှစ်ကြာပိတ်ဆို့ထားသော ဂါဇာကမ်းမြောင်ဒေသ အတွက် လူသားချင်း စာနာထောက်ထားသည့် အကူအညီပေးရေး ပစ္စည်းများ တင်ဆောင်ထားသော သင်္ဘောအုပ်စုသည် ဆိုက်ပရပ်နိုင်ငံမှ တနင်္ဂနွေနေ့တွင် ထွက်ခွာလာခဲ့သည်။ ၎င်းသင်္ဘောများပေါ်တွင် လူ့အခွင့်အရေးအတွက် ဦးဆောင်လှုပ်ရှားသူများလည်း ပါလာခဲ့ကြသည်။ အဆိုပါသင်္ဘောများသည် ဂါဇာသို့ တနင်္လာနေ့တွင် ရောက်ရှိမည်ဟု မျှော်လင့်ရသည်။ အဆိုပါခရီးစဉ်သည်အစ္စရေးနိုင်ငံအား သေးသိမ်အောင်ပြုလုပ်ခြင်းဖြစ်၍၎င်းသင်္ဘောများအား ကြားဖြတ်ဟန့်တားမည်ဟု အစ္စရေးနိုင်ငံက ပြောဆိုသည်။ လူ့အခွင့်အရေးလှုပ်ရှားမှုခေါင်းဆောင်ဂရီတာဘာလင်ဆိုသူအမျိုးသမီးက ထောက်ပံ့ရေးပစ္စည်းများကိုဂါဇာသို့ မရောက်ရောက်အောင် ပေးပို့မည်ဟု ပြောဆိုသည်။ အစ္စရေးနှင့် အီဂျစ်တို့က ထောက်ပံ့ရေးပစ္စည်းများကို ၎င်းတို့ကိုယ်တိုင်သယ်ဆောင်၍ ဂါဇာသို့အရောက် ပို့ပေးရန်ကမ်းလှမ်းသည်ကိုလှုပ်ရှားသူများအဖွဲ့က ငြင်းပယ်ခဲ့သည်။ ယခုပေးပို့သော ထောက်ပံ့ရေးပစ္စည်းများသည် ဂါဇာပြည်သူများ လိုအပ်ချက်၏ အနည်းငယ်သော အစိတ်အပိုင်းသာဖြစ်သည်ဟု ကုလသမဂ္ဂက ပြောဆိုသည်။ (ဆင်ဟွာ)

## ချက်နိုင်ငံတွင် ရွေးကောက်ပွဲများ ကျင်းပပြီးစီး

စနေနေ့က ကျင်းပသော ချက်နိုင်ငံ အထွေထွေရွေးကောက်ပွဲများတွင် လက်ရှိအာဏာရ လက်ဝဲယိမ်း ဆိုရှယ်ဒီမိုကရက်များ (CSSD) မရှုံးမလှုရှုံး၍ ပါတီသစ်နှစ်ခုဖြစ်သော တော့ပ်ဖီးရိုးနိုင်းနှင့် V V ပါတီတို့က အနိုင်ရရှိသွားခဲ့သဖြင့် ချက်နိုင်ငံ၏ နိုင်ငံရေးရှုခင်းတွင် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားမည်ဟု ဝေဖန်သူများက ပြောဆိုကြသည်။ အမတ်နေရာ ၂၀၀ ရှိသော ပါလီမန်တွင် ODS, တော့ပ်ဖီးရိုးနိုင်းနှင့် V V ပါတီသုံးခု စုစည်း၍ ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းသွားမည်ဖြစ်သည်။ CSSDပါတီဥက္ကဋ္ဌနှုတ်ထွက်သွားခဲ့သည်။ ၎င်းပါတီ အကြီးအကျယ်ဆုံးရှုံးရခြင်းအတွက် ဥက္ကဋ္ဌအပေါ်တွင် အပြစ်တင်ပြောဆိုကြသည်။ (ဆင်ဟွာ)

## ကမ္ဘာ့ဖလားပွဲတွင် အကြမ်းဖက်အန္တရာယ် မရှိနိုင်ဟု တောင်အာဖရိကအစိုးရပြောဆို

တောင်အာဖရိကနိုင်ငံတွင် တနင်္ဂနွေနေ့က ထုတ်ဝေသော ဆန်းဒေးတိုင်းမ်သတင်းစာတွင် လာမည့်လ၌ ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပွဲတွင် အကြမ်းဖက်တိုက်ခိုက်ခံရမည့် အန္တရာယ်များရှိနေကြောင်း အစိုးရအဖွဲ့အနေဖြင့် အကြမ်းဖက်သံသယရှိသူ ၄၀ခန့်အား စောင့်ကြည့်လျက်ရှိကြောင်း၊ ၎င်းပြင် နိုင်ငံ၏ ပြည်နယ်အများအပြား၌ အကြမ်းဖက်တိုက်ခိုက်ရေးအတွက် လေ့ကျင့်ပေးလျက်ရှိကြောင်း ရေးသားဖော်ပြခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ပူးတွဲစစ်ဆင်ရေးနှင့် ထောက်လှမ်းရေးဌာနက အဆိုပါသတင်းများသည် အခြေအမြစ်မရှိကြောင်း၊ မှန်ကန်မှုလည်းမရှိကြောင်း၊ ကမ္ဘာ့ဘောလုံးပွဲ အေးချမ်းစွာဖြင့် ပြီးမြောက်သွားရန် လုံလောက်သောအစီအစဉ်များ ချမှတ်ထားကြောင်းဖြင့် ထုတ်ပြန်ကြေညာသည်။ (ဆင်ဟွာ)

## ရှန်ဟဲကုန်စည်ပြပွဲသို့ ပထမလအတွင်း လူ ၈သန်းလာရောက်ကြည့်ရှု

မေလ ၁ရက်နေ့က စတင်ဖွင့်လှစ်ခဲ့သော တရုတ်နိုင်ငံ ရှန်ဟဲကုန်စည်ပြပွဲသို့ ယခုလကုန်အထိ လာရောက်လည်ပတ်သူ ဧည့်သည်ပေါင်း ၈သန်းကျော်သွားပြီဟု သက်ဆိုင်ရာ စာရင်းဌာနက ထုတ်ပြန်ကြေညာသည်။ စဖွင့်သည့်နေ့တွင် ဧည့်သည် ၂သိန်းကျော် ဝင်ရောက်ခဲ့သည်။ တစ်နေ့တည်းတွင် ဧည့်သည်အများဆုံးဝင်ရောက်သည့်နေ့မှာ မေလ ၂၉ရက်ဖြစ်၍ ဧည့်သည်ပေါင်း ၅သိန်းကျော် လည်ပတ်ကြည့်ရှုခဲ့သည်။ ပြပွဲတာဝန်ရှိသူများက ပြပွဲကာလ ၆လအတွင်း ဧည့်သည်ပေါင်း၇၀သန်း လာရောက်ကြည့်ရှုမည်ဟုခန့်မှန်းထားကြသည်။ (ဆင်ဟွာ)

## ဂါဇာနယ်ခြားရှိ ရာဖာဝင်ပေါက်ကို အီဂျစ်နိုင်ငံက ဖွင့်လှစ်ခွင့်ပြု

ဂါဇာဒေသသို့ လူမှုရေးအကူအညီများ ပေးပို့ရန် သွားရောက်ခဲ့သည့် ကုန်သင်္ဘော အဖွဲ့တွင် ပါဝင်သည့် လူ့အခွင့်အရေးလှုပ်ရှားသူများအား အစ္စရေးနိုင်ငံက အင်အားအလွန်အကျွံသုံးကာ ဖြိုခွဲခဲ့သည့်အပေါ် အီဂျစ်နိုင်ငံသမ္မတ မူဘာရက်က ပြင်းထန်စွာ ပြစ်တင်ရှုတ်ချလိုက်သည်။ အီဂျစ်သမ္မတသည် ဂါဇာကမ်းမြောင်ဒေသနှင့် ထိစပ်လျက်ရှိသော နယ်ခြားရှိ ရာဖာဝင်ပေါက်ကို အချိန်အကန့်အသတ်မရှိ ဖွင့်လှစ်ပေးရန် အမိန့်ချမှတ်ခဲ့သည်။ ၎င်းဝင်ပေါက်မှ ဆေးဝါးနှင့် လူသားချင်းစာနာသည့် အကူအညီများ ဖြတ်သန်းပေးပို့ခွင့်ကိုလည်း ခွင့်ပြုခဲ့သည်။ (ဆင်ဟွာ)

## ဂျပန်ဝန်ကြီးချုပ် ရုတ်တရက် နှုတ်ထွက်

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းပေါ်ရှိ အမေရိကန်စစ်အခြေစိုက်စခန်း ပြန်လည်နေရာချထားရေးနှင့် ပတ်သက်၍ ဂျပန်ဝန်ကြီးချုပ်၏ ကိုင်တွယ်ဖြေရှင်းပုံကို မကျေနပ်သဖြင့် ညွန့်ပေါင်းအစိုးရအတွင်းမှ SDP ပါတီခွဲထွက်သွား၍ လက်ရှိအာဏာရပါတီကို အတိုက်အခံပြုရန် စီစဉ်လျက်ရှိသည်။ ထို့ပြင် ဂျပန်ဝန်ကြီးချုပ်အား ထောက်ခံအားပေးမှုသည် ၂၀ရာခိုင်နှုန်းအထိ ကျဆင်းသွားသည်။ ဝန်ကြီးချုပ်၏ DPJ ပါတီ အနာဂတ်အရေးနှင့်ပတ်သက်၍ထိပ်တန်းခေါင်းဆောင်များ ဆွေးနွေးခဲ့ကြရာ ခေါင်းဆောင်များကဝန်ကြီးချုပ်ဟာတိုရားမားနှုတ်ထွက်ပေးရန် ဖိအားပေးမှုများ တိုးတက်ပြုလုပ်ခဲ့ကြသည်။ ထို့ကြောင့် DPJ ပါတီ၏ ဥပဒေပြုအမတ်များ အထွေထွေစည်းဝေးပွဲတွင် ဂျပန်ဝန်ကြီးချုပ်က ရာထူးမှနှုတ်ထွက်ကြောင်း ဗုဒ္ဓဟူးနေ့နံနက်ပိုင်းက ထုတ်ပြန်ကြေညာခဲ့သည်။ ၎င်းနှင့်အတူ ပါတီအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ အိုစားဝါး၊ သုတေသနဥက္ကဋ္ဌ မစ္စတာ နာအိုရှီးမားတို့လည်းနှုတ်ထွက်ကြမည်ဖြစ်သည်။ (ဆင်ဟွာ)

# သတင်းအတို

## ၃ထပ်နှင့်အထက် အဆောက်အဦးဆောက်ရာတွင် မီးသတ်ရေကန်ပါရှိလူနေခွင့်ပြုမည်

၃ထပ်နှင့်အထက် ဆောက်လုပ်သော အထပ်မြင့်အဆောက်အဦးများတွင် မီးငြိမ်းသတ်ရေးအတွက် အနည်းဆုံး ရေဂါလန် ၅၀၀၀ဆံ့မီးသတ်ရေကန်တစ်ခုပါရှိမှသာ မီးသတ်ဦးစီးဌာနက လူနေထိုင်ရန်သင့်တော်ကြောင်း ထောက်ခံချက်ပေးမည်ဖြစ်ကြောင်းမီးသတ်ဦးစီးဌာန( ရုံးချုပ်) မှ အရာရှိတစ်ဦးကပြောကြားခဲ့သည်။ ၎င်းအပြင် ယင်းမီးသတ်ရေလှောင်ကန်ကို အမြဲတမ်းရေပြည့်အောင် စီစဉ်ထားရန်လိုအပ်ကြောင်း ၊ အထပ်မြင့်တိုက်များတွင် အရေးပေါ်လှေကားနှင့်မီးသတ်ဆေးဘူးများထားရှိရန်လည်း လိုအပ်ကြောင်း အဆိုပါအရာရှိကဆိုသည်။ “မီးလောင်မှုဖြစ်စဉ်တွေမှာ ကန်ထရိုက်တိုက်ဆောက်တဲ့သူတွေရဲ့ တာဝန်လဲမကင်းဘူး။ ကန်ထရိုက်တိုက်ခန်းတွေမှာ တစ်ခန်းကိုမီးသတ်ဆေးဘူးတစ်ဘူး ထားရမယ်လို့ ညွှန်ကြားထားတာရှိတယ်။ လာစစ်တုန်းကတော့ သေချာချိတ်ထားပြတယ်။ မီးသတ်ကစစ်ဆေးပြီးလို့ပြန်လဲသွားရော ဆေးဘူးကို အခန်းဝယ်သူကိုမအပ်ဘဲ ရတဲ့ဈေးနဲ့ရောင်းစားပစ်တယ်။ ရေနဲ့ငြိမ်းမရတဲ့ လျှပ်စစ်ကလောင်တဲ့မီးမျိုးဖြစ်ရင် အခန်းပိုင်ရှင်မှာ ငြိမ်းစရာဆေးဘူးမရှိတော့ဘူး။ အသက်ကယ်လှေကား ထားဖို့ပြောလဲ ထန်းတက်တဲ့လှေကားလို အဖြစ်လှေကားတွေထားတယ်။ မီးသတ်ကပြောရင်လဲ အပိုအလုပ်ဆိုပြီး လျစ်လျူရှုနေတယ်” ဟု၎င်းကဆိုသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လွန်ခဲ့သော ၂၂နှစ်အတွင်းမီးလောင်သည့်အကြိမ်မှာ ၂၃၇၂၇ရှိခဲ့ပြီး လူပေါင်း ၉၅၆ဦးသေဆုံးကာ ၁၅၇၅ဦးဒဏ်ရာရရှိခဲ့ကြောင်း ၂၀၁၀ခုနှစ်ဇွန်လ ၂ရက်နေ့ထုတ် News Watch Weekly ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ထိုင်းအလည်အပတ်ဗီဇာလိုအပ်ချက်ကြေညာ

ထိုင်းနိုင်ငံကို အလည်အပတ်သွားရောက်ဖို့ဗီဇာလျှောက်ထားသူတွေအတွက် လိုအပ်တဲ့ထောက်ခံချက်တွေ ပူးတွဲတင်ပြဖို့မေလ ၁၄ရက်နေ့က ထိုင်းသံရုံးမှာကြေညာပါတယ်။ အရင်က တိုးရစ်ဗီဇာလျှောက်ဖူးသူတွေအနေနဲ့ ဗီဇာလျှောက်တဲ့ အခါ လေယာဉ်လက်မှတ်အသွားအပြန်ကို မတင်ပြရဘူးလို့ သိရပါတယ်။ အခုအခါမှာတော့ အသစ်လျှောက် သူတွေ ရော နောက်တစ်ကြိမ်လျှောက်ထားသူ တွေပါလေယာဉ်လက်မှတ်အသွားအပြန်ကို ပူးတွဲတင်ပြရပါမယ်။ ပထမဆုံးအကြိမ်အသစ်လာလျှောက်သူတွေအနေနဲ့ လေယာဉ်လက်မှတ်အသွားအပြန်အပြင် ပိုင်ဆိုင်မှုအမည်ပေါက်ပစ္စည်းတစ်ခုခုကို နိုင်ငံခြားဘာသာပြန်ဆိုပြီး ပူးတွဲတင်ရပါမယ်။ ဒါ့အပြင် ပိုင်ဆိုင်မှုရှိုးမန်းနီး ဒေါ်လာ ၆၇၀ကိုပါ ပြနိုင်ရမယ်လို့သိရပါတယ်။ ဗီဇာလျှောက်ထားသူတွေ အနေနဲ့ပတ်စပို့ (Passport) စာအုပ်ထုတ်ယူချိန်ကိုလည်း နေ့လယ် ၁း၃၀နာရီမှ ၃း၀၀နာရီသို့ပြောင်းလဲသတ်မှတ်လိုက်တယ်လို့သိရပါကြောင်း ၂၀၁၀ခုနှစ်မေလ၂၈ရက်နေ့ထုတ် မော်ဒန်ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မင်္ဂလာဈေး ကျန်ရှိဆေးဝါးများ ရောင်းချရန်သင့်မသင့် စစ်ဆေးပေးနေ

မင်္ဂလာဈေးမီးလောင်ကျွမ်းမှုတွင် ကျန်ရှိခဲ့သော လေးလွှာရှိဆေးဝါးများကို ဈေးကွက်အတွင်း ဆက်လက်ရောင်းချရန်သင့်မသင့် နေပြည်တော်ရှိ ဆေးဝါးကွပ်ကဲရေးအဖွဲ့မှ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ ယင်းနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မေ ၂၇ရက်တွင် တာမွေ အထက(၁)၌ ပြုလုပ်ခဲ့သည့် အစည်းအဝေး၌ ပြောကြားခဲ့သည်။ “ မေလ ၂၆ရက်က နေပြည်တော်ဆေးဝါးစစ်ဆေးရေးအဖွဲ့က ကျန်ခဲ့တဲ့ဆေးဝါးတွေကို ဈေးကွက်အတွင်း ရောက်ရှိရင် သုံးစွဲသူတွေ အန္တရာယ်ဖြစ်မှာစိုးလို့ သုံးစွဲဖို့သင့်မသင့် စစ်ဆေးဖို့ ယူသွားတယ်။ မကြာခင်မှာ အကြောင်းပြန်မယ်လို့ သိရတယ် ” ဟု ယင်းကထပ်မံပြောကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၁ရက်နေ့ထုတ် Flower News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ကျပ်ငါးသိန်းဖုန်း လိုင်းပေါင်း ငါးသောင်းကျော်ချထားပြီးဖြစ်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ကျပ်ငါးသိန်းဖုန်းဟု လူသိများသည့် စီဒီအမ်အေ ၈၀၀မဂ္ဂါဟတ်ဇ်ဖုန်း လိုင်းပေါင်းငါးသောင်းကျော်ကို အများပြည်သူသို့ငှားရမ်းသုံးစွဲခွင့်ပေးပြီးဖြစ်ကြောင်း ထိုဖုန်း RUIM ကတ်များကို ထုတ်ပေးလျက်ရှိသည့် အီလိုက်တက် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက မေလ ၂၄ရက်တွင် ပြောကြားသည်။ ဇန်နဝါရီလဆန်းတွင် စတင်ငှားရမ်းသုံးစွဲခွင့်ပြုခဲ့သည့် ထိုဖုန်းများကို ရန်ကုန်မြို့တွင် လိုင်းပေါင်း ၃၅, ၀၀၀ ကျော်နှင့် မန္တလေးမြို့တွင် လိုင်းပေါင်း ၁၅,၀၀၀ ကျော်ကို ချထားပေးပြီးဖြစ်ကြောင်း ၎င်းကဆိုသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ထိုဖုန်းများစတင်ငှားရမ်းသုံးစွဲခွင့်ပြုမည်အစီအစဉ်ကို ပြီးခဲ့သည့်နှစ်၊ နိုဝင်ဘာလတွင် စတင်မိတ်ဆက်ခဲ့ပြီး ရန်ကုန်မြို့တွင် လိုင်းပေါင်းတစ်သိန်းနှင့် မန္တလေးမြို့တွင် လိုင်းပေါင်း ငါးသောင်း၊ စုစုပေါင်းလိုင်းပေါင်းတစ်သိန်းခွဲကို ချထားပေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ဂဏန်းရှစ်လုံးပါဝင်သည့် ထိုဖုန်းများကို ကနဦးတပ်ဆင်ခ ကျပ်ငါးသိန်းဖြင့်အများပြည်သူသို့ငှားရမ်းသုံးစွဲခွင့်ပြုကြပြီး အထိုင်ဖုန်းအဖြစ်သုံးစွဲနိုင်ရန်ရည်ရွယ်၍ ရန်ကုန်မြို့တွင် နယ်မြေ ကန့်သတ်ချက်ထားရှိထားကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၃ရက်နေ့ထုတ် အင်တာနက်ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မီးလောင်ခံရသည့် ဆိုင်ခန်းပိုင်ရှင်များ အရင်းအနှီးလိုပါက မြို့တော်ဘဏ်မှ ငွေချေးမည်

မေလ ၂၄ရက်နေ့က လောင်ကျွမ်းခဲ့သော မင်္ဂလာဈေးမီးလောင်မှုတွင် မီးလောင်ခံခဲ့ရသည့် ဆိုင်ခန်းရှင်များအား ရင်းနှီးရန် ငွေကြေးလိုအပ်ပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် မြို့တော်ဘဏ်မှ ချေးငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း အဆင့်မြင့်အရာရှိတစ်ဦးကပြောသည်။ အဆိုပါမီးလောင်မှုကြောင့် မင်္ဂလာဈေး စတုတ္ထထပ်တွင် ဆိုင်ခန်းပေါင်း ၇၉၇ခန်းနှင့် စားသောက်ဆိုင် ၄၈ဆိုင် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ ငွေကျပ် သန်းပေါင်း နှစ်သောင်းကျော် ဆုံးရှုံးခဲ့ရသည်။ ဆိုပါမီးလောင်မှုတွင် မီးသင့်ခံခဲ့ရသော ဆိုင်ရှင်များအနေဖြင့် လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ရာတွင် အခက်အခဲမဖြစ်စေရန်အတွက် ယင်းကဲ့သို့ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း သိရသည်။ “ဒီမီးလောင်မှုကြောင့် မင်္ဂလာဈေးမှာ ရောင်းချနေကြတဲ့ ဈေးသည်တွေရဲ့ လုပ်ငန်းနဲ့ ပစ္စည်းတွေ များစွာနစ်နာဆုံးရှုံးမှုဖြစ်ခဲ့ကြရပါတယ်။ ဒီနစ်နာမှုကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက များစွာ စာနာထောက်ထားတဲ့အနေနဲ့ ယခုဆိုရင် ကော်မတီပိုင် မြို့တော်ဘဏ်ကနေ ဘဏ်ရဲ့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ချေးငွေထုတ်ပေးသွားမှာဖြစ်ပါတယ်”ဟု ယင်းက ဆက်လက်ပြောကြားခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၁ရက်နေ့ထုတ် Flower News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မိုဘိုင်းဖုန်းများတွင် SMS လွဲချော်မှုများကြောင့် Message လုံခြုံမှုအားဂရုစိုက်လာရ

မိုဘိုင်းဖုန်းများတွင် SMS စနစ်အသုံးပြုရာ၌ မိမိတို့ပို့သော Message များမှာ ပို့လိုသော ဖုန်းနံပါတ်များသို့ မရောက်ရှိဘဲ ဖုန်းနံပါတ်များမှားယွင်းရောက်ရှိသွားတတ်သော အခက်အခဲများရှိလာသောကြောင့် SMS Message စနစ်အသုံးပြုသူများအနေဖြင့် မိမိတို့၏ Message များပို့ရန်အတွက် အခက်အခဲများရှိလာကြောင်းသိရသည်။ “ကျွန်တော်ဖုန်းမှာ Message ပို့လိုက်တာ ပို့တဲ့ဖုန်းကိုမရောက်ပဲတခြားနောက်ဖုန်းတစ်လုံးကိုရောက်သွားလို့ ကျွန်တော်ကအံ့သြသွားတယ်။ ကျွန်တော်များပို့လိုက်တဲ့ဖုန်းနံပါတ်ကနေပြီးတော့ Message ပြန်ဝင်လာပါ

တယ်။ ကျွန်တော်ပို့တဲ့ Message နဲ့သူ့ဆီကို မှားရောက်လာပါတယ်ဆိုတဲ့စာကိုပြန်ပို့လာပါတယ်။ အဲဒါနဲ့ကျွန်တော်လည်း ရိုက်ထားတဲ့ဖုန်းနံပါတ်ကမှန်ပါတယ်။ အဲဒါကိုသူ့ဟာသူ မှားပြီးတော့ရောက်သွားတာပါ။ ကျွန်တော်အဲဒါကို သူငယ်ချင်းတွေကိုပြောပြတော့ သူတို့လည်းအဲလိုဖြစ်တယ်လို့ပြောကြပါတယ်" ဟု မိုဘိုင်းဖုန်းအသုံးပြုသူ ကိုကိုအောင်မှ ပြောပြသည်။ ထို့ပြင် လှည်းတန်းနှင့် စမ်းချောင်းမြို့နယ်မှ သုံးဦးနှင့် လသာမြို့နယ်မှ မိုဘိုင်းဖုန်းအသုံးပြုသူ နှစ်ဦးမှလည်း ယင်းကဲ့သို့ အလားတူဖြစ်ရပ်များဖြစ်ခဲ့ကြကြောင်းပြောပြသည်။ ယင်းကဲ့သို့ဖြစ်ပွားခဲ့ပါက Message လုံခြုံမှုစနစ်အားထိခိုက်နိုင်ပြီးမိမိတို့၏ Data အချက်အလက်များအား တခြားသူများထံသို့ ရောက်ရှိသွားနိုင်သောကြောင့် ဂရုစိုက်သင့်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ အချိန်မီဆက်သွယ်အကြောင်းကြားသင့်ကြောင်း ၂၀၁၀ခုနှစ်ဖွန်လ ၃ရက်နေ့ထုတ် အင်တာနက်ဂျာနယ်တွင်ဖော်ပြထားပါသည်။

## စာရေးဆရာမောင်ဝံသမှ - "THE ROLE OF MEDIA IN THE STATE BUILDING" "နိုင်ငံတည်ဆောက်ရေးနှင့် မီဒီယာအခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်းကျင်းပသည့် ဟောပြောပွဲများကို ၂၀၀၆ခုနှစ်၊ ဇန်နဝါရီလ၊ (၇) ရက်နေ့မှစ၍(၂) ပတ်လျှင် တစ်ကြိမ် ကျင်းပလျက်ရှိရာ ၂၀၁၀ခုနှစ်တွင်လည်း(၂)ပတ်လျှင်တစ်ကြိမ်ဆက်လက်ကျင်းပသွားမည်ဖြစ်ပါသည်။ ယခုကျင်းပမည့် ဟောပြောပွဲအမှတ်စဉ် (၁၁/၂၀၁၀) တွင် စာရေးဆရာမောင်ဝံသမှ - "THE ROLE OF MEDIA IN THE STATE BUILDING" "နိုင်ငံတည်ဆောက်ရေးနှင့် မီဒီယာအခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ပါသည်။ ၎င်းဟောပြော ပွဲကို ၂၀၁၀ခုနှစ်၊ ဖွန်လ (၅)ရက်(စနေနေ့) နေ့လည်(၂း၀၀)နာရီတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးထောင့်၊ အနောက်ကြို့ကုန်း၊ အင်းစိန် မြို့နယ်၊ ရန်ကုန်မြို့တို့တွင် ကျင်းပမည်ဖြစ်ရာအသင်းဝင်များနှင့် စိတ်ပါဝင်စားသူမည်သူမဆိုတက်ရောက်နိုင်ကြောင်းဖိတ်ကြားအပ်ပါသည်။ (ခေတ်လူငယ်)

## ကမ်းလွန်သဘာဝဓာတ်ငွေ့ ထိန်းချုပ်တိုင်းတာဖြန့်ဖြူးရေးစခန်း(ရွာမ)မှတစ်ဆင့် သဘာဝဓာတ်ငွေ့များ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်တော့မည်

ပြည်တွင်းရှိ သဘာဝဓာတ်ငွေ့သုံးစွဲမှုအား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရန် အတွက် ၂၄လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းမှုလုပ်ငန်းများ ဆောင်ရွက်နေရာ ပြီးစီးလုနီးပါးဖြစ်သဖြင့် မကြာမီ ကမ်းလွန်သဘာဝဓာတ်ငွေ့ ထိန်းချုပ်တိုင်းတာဖြန့်ဖြူးရေးစခန်း(ရွာမ)မှတစ်ဆင့် ကမ်းလွန်သဘာဝဓာတ်ငွေ့များကို တိုးမြှင့်ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၁ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

## စာရေးဆရာမ ဂျူးမှ "သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်နီတိ" "Environmental Ethic"ခေါင်းစဉ်ဖြင့် ဟောပြောပွဲဖိတ်ကြားခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်( UMFCCI)၊ ပြန်ကြားရေးနှင့် သတင်းနည်းပညာမြင့်တင်ရေး ဆိုင်ရာလုပ်ငန်းကော်မတီမှ ကျင်းပသည့် ဘာသာရပ်ဆိုင်ရာ ပညာရှင်များဟောပြောပွဲများကို ၂၀၀၇ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့မှစတင်ကျင်းပခဲ့ပါသည်။ ဆက်လက်၍ ဟောပြောပွဲများကို တစ်လတစ်ကြိမ် ပထမပတ်၊ စနေနေ့တွင်ကျင်းပမည်ဖြစ်ပါသည်။ ယခုကျင်းပမည့် ဟောပြောပွဲအမှတ်စဉ် (၂၄/၀၉-၁၁) တွင် စာရေးဆရာမ ဂျူးမှ "သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်နီတိ" "Environmental Ethic"ခေါင်းစဉ်ဖြင့်ဟောပြောမည်ဖြစ်သည်။ ၎င်းဟောပြောပွဲကို ၂၀၁၀ခုနှစ်၊ ဖွန်လ (၅) ရက် (စနေနေ့) နေ့လည် ၀၂း၀၀နာရီတွင် UMFCCI အသင်းချုပ်ရုံး၊ မင်္ဂလာခန်းမ အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ (စိန်ဂျွန်းမှတ်တိုင်)၊ လမ်းမတော်မြို့နယ် ကျင်းပမည်ဖြစ်ရာ ဖုန်း-၂၁၄၃၄၄/၅/၆/၇/၈/၉သို့ ဆက်သွယ်နိုင်ကြောင်း အသင်းဝင်များနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားထားသည်။ (ခေတ်လူငယ်)

## မိုးစတင်ရွာသွန်းမှုကြောင့် အင်းလေးကန်ရေပြင် အနည်းငယ်ပြန်လည်မြင့်တက်

စံချိန်တင်ရေခန်းခြောက်မှုနှင့် ကြုံတွေ့နေရသော အင်းလေးကန်တွင် လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက မိုးစတင်ရွာသွန်းခဲ့ပြီး ရေပြင်အနည်းငယ်မြင့်တက်လာခဲ့ကြောင်း အင်းလေးဒေသခံများက တယ်လီဖုန်းဖြင့်ပြောကြားခဲ့သည်။ " မေလ ၂၂ရက်က အင်းလေးမှာ မိုးစရွာတယ်။ အပူတော့ တော်တော်သက်သာသွားတယ်။ ရေကတော့ သိသိသာသာကြီး တက်မလာသေးပေမယ့် တစ်လက်မလောက်တော့တက်တယ် " ဟု အင်းလေးကန် အရှေ့ဘက်ခြမ်းရှိ ဟိုတယ်တစ်ခုမှ ဝန်ထမ်းတစ်ဦးက အင်းလေးတွင် မိုးရွာသွန်းမှု အခြေအနေကို ပြောသည်။ အင်းလေးကန် တောင်ဘက်ခြမ်းအင်းပေါခုံရွာတွင် နေထိုင်သူတစ်ဦးကမူ " မိုးကတော့ ရွာပြီ။ ဒါပေမယ့် နည်းသေးတယ်။ မေ ၂၄ရက်ကတော့ တော်တော်လေးသည်းတယ်။ ဒီလိုဆက်ရွာမယ်ဆိုရင်တော့ ရေပြန်တက်ကောင်းပါရဲ့ " ဟု ပြောကြားသည်။ ယခုနှစ်တွင် အင်းလေးကန်၌ မိုးရွာသွန်းမှုမှာ ပုံမှန်နှစ်များထက်နောက်ကျခဲ့ပြီး မေလတတိယပတ်အတွင်းမှ စတင်ရွာသွန်းခြင်းဖြစ်သည်။ "အင်းထဲမှာ ပုံမှန်ဆိုရင် သင်္ကြန်လောက်ဆို မိုးစကျပြီ။ ဒီနှစ်က တော်တော်နောက်ကျတယ်။ ရေကလည်းတော်တော်ခန်းတယ် " ဟု အင်းလေးဒေသခံ တစ်ဦးကလည်းပြောသည်။ အနောက်တောင်မုတ်သုံလေ ဝင်ရောက်လာသည်နှင့်အတူ မေလ ၂၂ရက်တွင် အင်းလေးကန်နှင့် အနီးတစ်ဝိုက်မြို့များနှင့် တောင်ကြီးမြို့များတွင်လည်း မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း သိရသည်။ ယခုကဲ့သို့ မိုးရွာသွန်းသဖြင့် သောက်ရေ၊ သုံးရေ အခက်အခဲ အနည်းငယ်ပြေလည်သွားခဲ့ကြောင်း ဒေသခံများက ပြောကြားခဲ့ကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၃ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## တစ်ခါသုံးဖုန်းကတ် ရောင်းအားကျ

အခုတစ်ပတ်အတွင်း အက်ဖ်အီးစီ ၂၀တန်၊ ၅၀တန် တစ်ခါသုံးငွေကြိုပေးဖုန်းကတ်တွေ ရောင်းအားထက်ဝက်ခန့် ကျဆင်းသွားတာဟာ ကတ်ဝယ်ရင် မှတ်ပုံတင် မိတ္တူပေးရမယ်ဆိုတဲ့ ပုံစံသစ်ကြောင့်လို့ ဆိုပါတယ်။ " ပရီပိတ်ကတ်ဈေးကွက်ကတော့ သိသိသာသာကို အေးနေတယ်၊ ထက်ဝက်လောက်ကို ကျတယ်၊ လာဝယ်တဲ့သူတွေက မှတ်ပုံတင်မိတ္တူ အဆင်သင့် ပါမလာကြတာလဲ ပါတယ် " ဟု ရွှေဂုံတိုင် မစ္စတာဖုန်းတယ်လီကွန်းမှ မန်နေဂျာ ဒေါ်မြတ်သီရိခိုင်က သူ့အတွေ့အကြုံပြောပါတယ်။ ကတ်ဝယ်ချင်သူတွေအနေနဲ့ မှတ်ပုံတင်မိတ္တူပေးခဲ့ရမယ့် စနစ်ကို စင်ထရယ်မားကတ်တင်းက ယခု လဆန်းပိုင်းမှာ စတင်သတ်မှတ်လိုက်တယ်လို့ သိရတယ်။ တစ်ခါသုံးငွေကြိုပေးကတ်တွေဟာ အကြောင်းကိစ္စတစ်ခုခုဆိုရင် ပိုင်ရှင်ဘယ်သူလဲ စုံစမ်းရခက်တာကြောင့် မှတ်ပုံတင်မိတ္တူတောင်းရတာလို့ ဆိုပါတယ်။ လက်ရှိအချိန်အထိ မှတ်ပုံတင်မိတ္တူပေးရမယ်ဆိုတာ မသိသေးတဲ့သူတွေ ရှိနေဆဲဖြစ်ပြီး ဆိုင်ရောက်လို့ မှတ်ပုံတင်မိတ္တူအတောင်းခံရတဲ့အခါ ကျေနပ်တဲ့သူတွေရှိသလို၊ မကျေနပ်တဲ့သူတွေလည်း ရှိတယ်လို့သိရတယ်။ ဆိုင်တွေဘက်ကလည်း မတောင်းလို့မရတဲ့ အခြေအနေကြောင့် နားလည်အောင်ရှင်းပြနေရတယ်လို့ ဆိုကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၄ရက်နေ့ထုတ် မော်ဒန် ဂျာနယ်တွင် ဖော်ပြထားပါသည်။

## <u>နေစွမ်းအင်သုံး ဆိုလာဓါတ်မီးတိုင်များ ရန်ကုန်စက်မှုဇုန်များတွင် တပ်ဆင်နေ</u>

အသစ်နှင့် ပြန်ပြည့်မြဲစွမ်းအင် ကော်မတီ (ရန်ကုန်တိုင်း)မှ ဦးစီး၍ ရန်ကုန်စက်မှုဇုန်များတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာဓါတ်မီးတိုင်များ တပ်ဆင်ပေးနေကြောင်း သိရသည်။ လှိုင်သာယာစက်မှုဇုန်၊ သာကေတစက်မှုဇုန်နှင့် ဒဂုံဆိပ်ကမ်းစက်မှုဇုန်တို့တွင် မေလဒုတိယပတ်မှ စတင်၍ တပ်ဆင်ပေးလျက်ရှိပြီး ကျန်စက်မှုဇုန်များတွင်လည်း တပ်ဆင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ " စက်မှုဇုန်တွေအားလုံးကို တပ်ဆင်သွားမှာပါ။ လုံခြုံရေးအနေအထားရ ခုလတ်တလောကတော့ စက်ရုံဝင်းနံရံတွေမှာပဲ တပ်ဆင်ပြီး စက်ရုံတွေကပဲ ကုန်ကျစရိတ်အားလုံးခံတယ်။ နောက်ပိုင်းစက်မှုဇုန်ရဲ့ ရန်ပုံငွေတွေနဲ့ ဇုန်လမ်းတွေမှာ တပ်ဆင်မယ် " ဟု ၄င်းကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ရန်ကုန်တိုင်းအတွင်း စက်မှုဇုန် ၁၃ဇုန်ရှိပြီး ဇုန်တိုင်းတွင် တပ်ဆင်သွားမည်ဖြစ်ကြောင်း၊ လတ်တလောတွင် ဓါတ်မီးတိုင် ၂၀ တပ်ဆင်ပြီးဖြစ်ပြီး လစဉ် ဓါတ်တိုင် ၁၀၀ခန့် တပ်ဆင်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ရန်ကုန်တိုင်းအတွင်း မီးပွိုင့် ၁၄၄ ခု ရှိရာ၌ အရေးကြီးမီးပွိုင့်များတွင် ဆိုလာအသုံးပြုနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၃ရက်နေ့ထုတ် Popular News ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပညာရှိအဆိုအမိန့်

**အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)**

**အနှိုင်းမဲ့လာဘ်**

ကျန်းမာရေးမပြည့်စုံရင် ကိုယ်ရထားတဲ့ ပစ္စည်းဥစ္စာကလည်း ကိုယ့်အတွက် ဘာမှအသုံးမဝင်တော့ပါဘူး။ ပစ္စည်းဥစ္စာကို အကြောင်းပြုပြီး အာရုံခံစားမှု၊ စိတ်ချမ်းသာပျော်ရွှင်မှု မရနိုင်တော့ပါဘူး။ ဒါဆိုရင် ရထားတဲ့ ပစ္စည်းဥစ္စာဟာ မရတာနဲ့ ဘာထူးတော့မှာလဲ။ ဘာမှမထူးတော့ပါဘူး။ သုံးစွဲခွင့်၊ ခံစားခွင့်ရှိမှ ရတယ်လို့ ခေါ်နိုင်တာမဟုတ်လား။ ကျန်တဲ့ ရာထူးအာဏာ၊ မိတ်ကောင်းဆွေကောင်း၊ ချစ်သူခင်သူ၊ ထင်ပေါ်ကျော်ကြားမှု၊ ဘုန်းတန်ခိုးကြီးမားမှု အစရှိတဲ့အရာတွေ အားလုံးဟာလည်း နည်းတူပါပဲ။ အဲဒီအရာတွေ၊ အဲဒီလာဘ်တွေ ရရှိမှုနဲ့အတူ ကျန်းမာရေးလာဘ်ကို ပူးတွဲပြီး မရရှိဘူးဆိုရင် ဘယ်လောက်ပဲရရ၊ လာဘ်လို့ မခေါ်နိုင်တော့ပါဘူး။ ဒါကြောင့် ကျန်းမာရေးလာဘ်ဟာ အကောင်းဆုံးလာဘ်၊ အနှိုင်းမဲ့လာဘ် ဖြစ်ပါတယ်။

ကျန်းမာရေးနဲ့မပြည့်စုံရင် လောကရေးရာမှာလည်း ကြီးပွားတိုးတက်အောင် မစွမ်းဆောင်နိုင်တော့သလို ဓမ္မရေးရာမှာလည်း ကြီးကျယ်မြင့်မြတ်အောင် မစွမ်းဆောင်နိုင်တော့ပါဘူး။ ကျန်းမာရေးနဲ့ ပြည့်စုံတဲ့သူမှသာ လောကရေးရာမှာလည်း ကြီးပွားတိုးတက်အောင် စွမ်းဆောင်နိုင်သလို ဓမ္မရေးရာမှာလည်း ကြီးကျယ်မြင့်မြတ်အောင် စွမ်းဆောင်နိုင်ပါတယ်။

လောကရေးရာမှာရော၊ ဓမ္မရေးရာမှာပါ ကျန်းမာမှ အဆင့်မြင့်နိုင်တာမို့ ကျန်းမာရေးလာဘ်ဟာ အကောင်းဆုံးလာဘ်၊ အနှိုင်းမဲ့လာဘ်ပါပဲ။

လောကရေးရာအနေနဲ့ ကြီးပွားရေး၊ စီးပွားရေး၊ ကိစ္စတွေဆိုတာ အသာထားလိုက်ပါဦး။ ကာမဂုဏ်အာရုံခံစားရေးကိစ္စတွေမှာတောင် ကျန်းမာရေးမပြည့်စုံရင် အကျိုးမပြီး အချည်းနှီးဖြစ်ရပါတယ်။ ကာမဂုဏ်အာရုံခံစားရေးကိစ္စတွေဆိုတဲ့နေရာမှာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ အာရုံငါးမျိုးလုံး ပါဝင်ပါတယ်။

ဘယ်လောက်ကောင်းကောင်း၊ ဘယ်လောက်ကြိုက်တဲ့ အဆင်းအာရုံပဲဖြစ်ဖြစ်၊ အနာရောဂါတစ်ခုစွဲကပ်လို့ မမာမကျန်းဖြစ်နေပြီဆိုရင် ခံစားလို့ ဘာမှ အရသာမရှိတော့ပါဘူး။ ဘာမှ မပြောပလောက်တဲ့သာမန် မအီမသာဝေဒနာလေးတွေဖြစ်နေရင်တောင် အဆင်းအာရုံခံစားမှုကို အရသာပေ့ါပျက်စေပါတယ်။ စိတ်ဝင်စားမှု လျော့နည်းစေပါတယ်။

ကာမဂုဏ်ငါးပါးကို လိုသလောက်ရနေရုံနဲ့ အကောင်းဆုံးရခြင်းမဖြစ်သေးပါဘူး။ ကျန်းမာရေးကိုပါရမှ အကောင်းဆုံးရခြင်းဖြစ်ပါတယ်။ ဒါက လောကရေးရာနဲ့ ပတ်သက်လို့ပြောတာပါ။ ဓမ္မရေးရာနဲ့ပတ်သက်လို့လည်း တရားအားထုတ်ချင်စိတ်ဘယ်လောက်ပဲပြင်းထန်ပြင်းထန် ကျန်းမာရေးမပြည့်စုံရင် စိတ်တိုင်းကျအားထုတ်ဖြစ်ဖို့ မလွယ်ပါဘူး။ သမာဓိ၊ ပညာပြည့်စုံဖို့ဆိုတာ အသာထားလိုက်ဦး။ သီလလုံခြုံဖို့တောင် သိပ်ခက်ပါတယ်။

သီလကို အသက်နဲ့ လဲဝံ့တဲ့ သူတော်ကောင်းတချို့ကလွဲရင် ကျန်းမာရေးချို့ယွင်းချက်ကြောင့် သီလပျက်သွားသူတွေ အများကြီးရှိပါတယ်။ ဥပမာ၊ အစာအိမ်ရောဂါအကြောင်းပြချက်နဲ့ပ ညနေပိုင်းမှာ စားသောက်ဖွယ်တစ်ခုခု စားလိုက်သောက်လိုက်ရတာမျိုးပေ့ါ။ သီလစင်ကြယ်မှုကို ကျန်းမာရေးချို့ယွင်းမှုက ဖျက်ဆီးပစ်လိုက်တာပါပဲ။

သမာဓိ၊ ပညာပြည့်စုံရေး၊ တရားထူးတရားမြတ်ရရှိရေးမှာလည်း ကျန်းမာရေးဟာ မရှိမဖြစ် လိုအပ်ပါတယ်။ ဒ့ါကြောင့်လည်း ကမ္မဋ္ဌာန်းအားထုတ်သူတစ်ယောက်မှာ ပြည့်စုံရမယ့် အရည်အသွေးငါးမျိုးထဲမှာ ကျန်းမာခြင်းဆိုတာကို မြတ်စွာဘုရားရှင်က အရေးတကြီး ထည့်သွင်းထားခဲ့ပါတယ်။ (ယုံကြည်၊ ကျန်းမာ၊ ရိုးဖြောင့်၊ ရဲရင့်၊ သိမြင်= ပဓာနိယင်္ဂတရားငါးပါး)။

ဆက်ရန်

# ဟာသ

## ဆင်းရဲပုံက

ကျွန်တော်ကလေးဘဝတုန်းက ကျွန်တော်တို့မိသားစုအရမ်းဆင်းရဲတယ်ဗျာ။

ကျွန်တော့်မွေးနေ့မှာ ကျွန်တော်ရတဲ့ မွေးနေ့လက်ဆောင်ကတော့ အသက်တစ်နှစ်ကြီးသွားတာ တစ်ခုတည်းပဲ။

ဒိုင်းမွန်းပါတာ

မနက်ဖြန်ခါ ကိုယ့်မိန်းမရဲ့မွေးနေ့။

မွေးနေ့လက်ဆောင်အဖြစ် ဘာလိုချင်သလဲလို့အရင်အပတ်က သူ့ကိုကိုယ်မေးလိုက်တယ်။

"ဘာပြောရမှန်းမသိပါဘူးရှင်၊ ဒိုင်းမွန်းပါတာ တစ်ခုခုပေးချင်တာသာပေးပါတော့"လို့ သူကပြောတယ်။

ဒါနဲ့ ကိုယ်လည်း ဖဲထုပ်တစ်ထုပ်ဝယ်ပေးလိုက်တယ်။

အတားအဆီး

ကိုယ်နောက်ထပ်အိမ်ထောင်မပြုမိအောင် အတားအဆီးဖြစ်နေတဲ့ တစ်ခုတည်းသော ကိစ္စကတော့ ယောက္ခမနစ်ယောက်ရှိလာမှာ ကြောက်လို့ပဲ။

လက်စွမ်းထက်ပုံ

ကိုယ့်ရည်းစားက ကွန်ဖူးချန်ပီယံကွ။ မနေ့ညက ပိုးကောင်တစ်ကောင်ပျံရင်း သူ့နံဘေးဝင်တိုက်မိလို့ ဆော်ထည့်လိုက်တာ သူ့နံရိုးတစ်ချောင်းကျိုးသွားတယ်။

အားပေးကြပါဦးရှင်

မင်းသမီး အသစ်ကလေးခဗျာ သူ့အတွက် ပထမဦးဆုံး မိတ်ဆက်ပွဲမှာ စိတ်ပျက်လက်ပျက်ဖြစ်နေရှာတယ်။ သူ့ခဗျ ပန်းစည်း ၁၇စီးပဲ လက်ခံရသေးတယ်။ တကယ်တော့ ပန်းဆိုင်ကို အစည်း ၂၀ဖိုး သူက ငွေပေးထားပြီးသားလေ။

ဂျုလုံး

# ဗေဒင်

## ဧပြီ ၂၁ ရက် မှ မေ ၂၁ ရက် ကဆုန်လ (TAURUS) (ပြိဿရာသီဖွား)

June 4th မှ June 10th ကြား

ဆောင်ရွက်ထားသည်များမှ ထူးခြားသော တိုးတက်မှုများ ရရှိမည်။ ရောက်ရှိနေသော အနေအထားမှ ပိုမိုမြင့်သော အခြေအနေသို့ရောက်မည်။ အကြံအစည်အောင်မြင်မည်။ ဆုံးဖြတ်ချက်မှန်ကန်မည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စနှင့် လူမှုရေးပြဿနာဟောင်းများကို အဆင်ပြေအောင် ဖြေရှင်းနိုင်သောအနေအထားရှိမည်။ အိမ်တွင်းရေး၊ လူမှုရေးကိစ္စများပြေလည်အောင် ဆောင်ရွက်နိုင်မည်။ စုဆောင်းထားသောငွေများ ထုတ်ယူသုံးစွဲရမည်။ လုပ်ငန်းတွင် အခါတိုင်းနှင့်အတူ ကြန့်ကြာနှောင့်နှေးနေ၍ စိတ်ပူနေမည်။ အရာရာပြန်လည်အဆင်ပြေသွားမည်။

## ဖေဖော်ဝါရီ ၁၉ ရက် မှ မတ် ၂၀ ရက် တပေါင်းလ (PISCES (မိန်ရာသီဖွား)

June 4th မှ June 10th ကြား

စိတ်ချမ်းမြေ့စရာများ ဆက်တိုက်ဖြစ်မည်။ အတတ်ပညာနှင့် ပတ်သက်သောကိစ္စများ ဆောင်ရွက်အောင်မြင်မည်။ ပြောင်းလဲခြင်းနှင့် တိုးတက်ခြင်းပူးတွဲဖြစ်ပေါ်မည်။ ဝေးကွာနေသူများနှင့် ပူးပေါင်း၍ တိုးတက်ခြင်းဖြစ်မည်။ ငွေရေးကြေးရေးကိစ္စ၊ လူမှုရေးကိစ္စများတွင် ထင်ရှားသော အောင်မြင်ခြင်းများဆက်တိုက်ဖြစ်ထွန်းမည်။ ကိုယ်ရေးကိုယ်တာကိစ္စများကို ဝင်ရောက်စွက်ဖက်ခြင်းခံရမည်။ စီးပွားကိစ္စ၊ ငွေကြေးကိစ္စ လူယုံထား၍ မရ။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများအဖို့ အလုပ်သမားရေးရာကိစ္စများ ရှုပ်ထွေးမည်။ ယခင်အတိတ်ကာလ ဒုက္ခပေး၍ ပယ်ရှားထားသောသူအား လူမှုရေးစာနာထောက်ထား၍ ဆောင်ရွက်စေရာမှ အရှုပ်အထွေးများလိုက်လံဆောင်ရွက်ခြင်း၊ အခြားသူများကို နှောင့်ယှက်ခြင်းထပ်မံကြုံလိမ့်မည်။

## မတ် ၂၁ ရက် မှ ဧပြီ ၂၀ ရက် တန်ခူးလ (ARIES) (မိဿရာသီ)

June 4th မှ June 10th ကြား

အတွေ့အကြုံဆန်းများရမည်။ လုပ်ကိုင်ဖူးခြင်း မရှိသော အလုပ်သစ်များ လုပ်ကိုင်ရမည်။ ဖြစ်ပေါ်လာသော အပြောင်းအလဲများနှင့် လိုက်လျောညီထွေအောင် ဆောင်ရွက်နေရမည်။ အိမ်မက်မက်လျှင်၊ တွေးလျှင်၊ ထင်လျှင် မှန်တတ်သည်။ ပေါ်ပေါက်လာသော စိတ်ကူးများ လက်တွေ့အကောင်အထည်ဖော်သင့်သည်။ အမြော်အမြင်ကြီးမှုရှိသင့်သည်။ လိမ္မာပါးနပ်စွာ အရာရာပြောဆိုဆုံးဖြတ်ပါ။ ပြဿနာဆိုးများ ခဏ္တယာယီ ရပ်ဆိုင်းနေမည်။ များမကြာမီ ဖြစ်ပေါ်လာမည့် အခက်အခဲများကို ကြိုတင်တွက်ဆပြီး အသင့်ပြင်ဆင်ပါ။ ကျန်းမာရေးအတွက် ဆေးကုသမှုခံရမည်။ ဦးခေါင်း မျက်စိနှင့်ပတ်သက်သော ရောဂါဝေဒနာများ ဖြစ်တတ်သည်။ ခရီးဝေးကိစ္စများ စီစဉ်အဆင်ပြေမည်။

## ဒီဇင်ဘာ ၂၂ ရက် မှ ဇန်နဝါရီ ၂၀ ရက် ပြာသိုလ (CAPRICORN) (မကာရရာသီဖွား)

June 4th မှ June 10th ကြား

ဆောင်ရွက်သမျှ ဖရိုဖရဲဖြစ်မည်။ ရေရှည်မတည်တံ့သောကိစ္စများကို ဆောင်ရွက်ရမည်။ အချိန်ကုန်ငွေကုန်ခံပြီးလုပ်သောကိစ္စများကိုပင် အစမှ ပြန်လည်လုပ်ကိုင်ရခြင်းမျိုးကြုံမည်။ ရစရာရှိသည်များ ကြန့်ကြာမည်။ ငွေကုန်စရာများ ဆက်တိုက်ဖြစ်လာမည်။ မည်သည့်အရာကိုမဆို မူလ စီစဉ်ထားသည့်လမ်းကြောင်းမှ ဦးတည်ချက်ပြောင်းရမည်။ ချောချောမောမော၊ ပြေပြေပြစ်ပြစ်မရှိ။ အိမ်ရှိအသက်ကြီးသူများ၏ ကျန်းမာရေးအထူးဂရုစိုက်ရမည်။ လူမှုရေးကိစ္စများ ကြားဝင်ဖြေရှင်းပေးရမည်။ အမှုကိစ္စ၊ ပြဿနာများ အငြင်းပွားဖြေရှင်းရခြင်းကြုံမည်။ ရုတ်တရက် ခရီးသွားရမည်။ လုပ်ငန်းခွင်မှသူများ မထင်မှတ်သော အပြောင်းအလဲကြုံမည်။ စိတ်အနှောင့်အယှက်ကြုံမည်။

## နိုဝင်ဘာ ၂၃ ရက် မှ ဒီဇင်ဘာ ၂၁ ရက် နတ်တော်လ (SAGITTARIUS) (ဓနုရာသီဖွား)

June 4th မှ June 10th ကြား

စိတ်ကူးအကြံအစည်သစ်များ အောင်မြင်မည်။ အပြောင်းအလဲနှင့် တိုးတက်မှုများဖြစ်ပေါ်မည်။ အခွင့်အရေးနှစ်ခုတစ်ပြိုင်တည်းပေါ်မည်။ အပြိုင်အဆိုင်ကြားမှ တိုးတက်မည်။ အလုပ်အကြံတစ်ခုမပြီးခင် နောက်တစ်ခုကိုစတင်ရတတ်သည်။ အရေးပေါ်ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ခြင်းများမှ အကျိုးဆက်ကောင်းရမည်။ အပြောင်းအလဲကိစ္စ၊ ခရီးကိစ္စများဆောင်ရွက်ရန် အခါကောင်းကျရောက်သည်။ တစ်ပါးသူနှင့် မတူသောလမ်းကြောင်းမှ လုပ်ကိုင်ဆောင်ရွက်ခြင်းများ အောင်မြင်မည်။ လက်လွှန်ထားသည်များပြန်ရမည်။ လူမျိုးကွဲ၊ လူမျိုးခြားများထံမှ အထောက်အကူကောင်းများရမည်။ ဥစ္စာဓနတိုးပွားမည်။

## အောက်တိုဘာ ၂၄ ရက် မှ နိုဝင်ဘာ ၂၂ ရက် တန်ဆောင်မုန်းလ (SCORPIO) (ဗြိစ္ဆာရာသီ)

June 4th မှ June 10th ကြား

မိသားစုအတွင်း အိုးအိမ်ကိစ္စ၊ နေရာထိုင်ခင်းကိစ္စများ ပြောဆိုဆောင်ရွက်အောင်မြင်မည်။ ကိုယ့်အပေါ် ဒုက္ခပေးသူအားလုံးကိုကျော်လွှားပြီး တိုးတက်မှုအလုံးစုံဖြစ်ပေါ်မည်။ ကျန်းမာရေး ဂရုစိုက်ရမည်။ အစားအသောက်မှားယွင်း၍ အစာအဆိပ်ဖြစ်ခြင်း၊ ဆေးထိုးဆေးသောက်မှားယွင်း၍ ဝေဒနာပေါ်တတ်သည်။ မလိုအပ်ဘဲဆေးစစ်ရာမှ ခန္ဓာကိုယ်တွင်ရောဂါတစ်စုံတစ်ရာ ရှိသယောင်ဖြစ်ပြီး ထပ်မံဆေးစစ်ရခြင်းကြုံမည်။ အလွန်စိတ်ဆင်းရဲရမည်။ ငွေကြေးအတော်အတန်ကုန်ကျပြီးမှ ဝေဒနာအညံ့မရှိကြောင်းသိရမည်။ လူမှုရေးကိစ္စများတွင် ပြောမှားဆိုမှားဖြစ်ခြင်း၊ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်ခြင်းများကြုံမည်။

## စက်တင်ဘာ ၂၃ ရက် မှ အောက်တိုဘာ ၂၃ ရက် သီတင်းကျွတ်လ (LIBRA) (တူရာသီဖွား)

June 4th မှ June 10th ကြား

ဆောင်ရွက်ထားသောကိစ္စအလုံးစုံမှ ကောင်းသောအကျိုးဆက်ရမည်။ အလုပ်တိုးတက်မည်။ အကြံအောင်မည်။ မိတ်ဆွေကောင်းအကူအညီရမည်။ ရည်ရွယ်ချက်များကို စနစ်တကျ ရှေ့တိုးလုပ်ကိုင်၍ တိုးတက်မှုများရရှိမည်။ ပျောက်ရှနေသော အရေးကြီးသော စာရွက်စာတမ်း ပြန်တွေ့မည်။ သို့မဟုတ်၎င်းပြဿနာအား ဖြေရှင်းနိုင်သော နည်းလမ်းအားရှာတွေ့မည်။ အတိုက်အခံများ ပယ်ရှားသွားလိမ့်မည်။ အရှုံးပေါ်နေသည့် ပစ္စည်းများ ပြန်လည်ဈေးမြင့်မား၍ အကျိုးအမြတ်ရမည်။ သူတစ်ပါးနှင့် ပူးပေါင်း၍ လုပ်သောလုပ်ငန်းများတွင် အနှောင့်အယှက်များရှိနေဆဲဖြစ်သည်။ ပေါ်ပေါက်လာသော အခွင့်အလမ်းများအား လက်တွေ့အသုံးချပါ။

## မေ ၂၂ ရက် မှ ဇွန် ၂၁ ရက် နယုန်လ (GEMINI) (မေထုန်ရာသီဖွား)

June 4th မှ June 10th ကြား

အကြီးအကဲများထံ သွားလာဝင်ထွက်ခြင်းဖြင့် ကောင်းသောအကျိုးဆက်ရမည်။ မိမိအပေါ်ကောင်းကျိုးပြုသူများနှင့်တွေ့မည်။ ငွေကြေးအကုန်အကျများမည်။ ကိုယ့်ကိစ္စအတွက် မဟုတ်ဘဲ သူတစ်ပါးအတွက် အသုံးစရိတ်ကုန်ခြင်းရှိမည်။ လုပ်သမျှလူသိထင်ရှားဖြစ်မည်။ ထူးခြားသောအောင်မြင်မှုများ အထင်အရှားကြုံမည်။ ကိုယ်ဆောင်ရွက်လိုက်သည့် ကိစ္စမှန်သမျှသည် ထွန်းထွန်းပေါက်ပေါက်နှင့် ထိပ်တန်းရောက်မည်။ အခက်အခဲများကို ကျော်လွှားပြီး တိုးတက်မှုအဆင့်ဆင့်ကြုံနိုင်သည်။ ခရီးကိစ္စအဆင်ပြေမည်။ လူမျိုးကွဲအကျိုးပေးမည်။ အတတ်ပညာကို အခြေတည်၍ ဆောင်ရွက်လိုက်သည့်ကိစ္စမှ ကောင်းသောအကျိုးဆက်ရမည်။ အပြိုင်အဆိုင်ကြားမှ တက်လမ်းပေါ်မည်။

## ဩဂုတ် ၂၄ ရက် မှ စက်တင်ဘာ ၂၂ ရက် တော်သလင်းလ(VIRGO)(ကန်ရာသီဖွား)

June 4th မှ June 10th ကြား

ကိုယ်ရေးကိုယ်တာကိစ္စကို ဦးစားပေး၍ မရ။ မိသားစုများကပင် ငြိုငြင်လောက်အောင် အများရေးရာသူတစ်ပါးကိစ္စများအတွက် ငွေမရ၊ လူမှုန်းခံအချိန်ပေးပြီး ဆောင်ရွက်နေရမည်။ အိမ်ကိစ္စ၊ ငွေဝင်ရမည့်ကိစ္စများကို ဥပေက္ခာပြုရကိန်းကြုံမည်။ ပြဿနာဟောင်းများပြန်လည်ဖြေရှင်းရမည်။ ပတ်သက်ခဲ့ဖူးသော အတိတ်မှသူများနှင့် ပြန်လည်ပတ်သက်မိပြီး အရှုပ်အထွေးပြဿနာများဖြစ်လာမည်။ လမ်းသွားလာစဉ်မေ့လျော့ခြင်းကြောင့် အရေးကြီးသော စာရွက်စာတမ်း၊ ငွေကြေးတို့ ပျောက်ရှမည်။ ရေချိုးခန်းတွင်ဖြစ်စေ၊ လက်ဆေးကန်နေရာတွင်ဖြစ်စေ လက်စွပ်မေ့လျော့ကျန်ခဲ့ပြီး ပျောက်ရှခြင်းများဖြစ်တတ်သည်။ ၎င်းလက်စွပ်အားယူငင်၍ ထုခွဲသုံးစွဲသူတွင် မိဘဆုံးပါးကိန်းကျရောက်မည်။ မိမိတွင် ကျရောက်မည့် အပူများခေါင်းလွှဲ၍ ကျရောက်သွားမည်။

## ဇူလိုင် ၂၃ ရက် မှ ဩဂုတ် ၂၃ ရက် ဝါခေါင်လ (LEO) (သိဟ်ရာသီဖွား)

June 4th မှ June 10th ကြား

ရန်အခက်အခဲများ ကျော်လွှားပြီး ဘဝအဆင့်တိုးတက်မည်။ ဆောင်ရွက်သမျှအလုံးစုံ၌ အစီအစဉ်တကျမရှိခြင်း၊ အလျဉ်းသင့်သလို အဆင်ပြေသလို ဖရိုဖရဲကစဉ့်မလျား လုပ်ကိုင်ရင်း အလိုပြည့်အဆင်ပြေခြင်းရှိမည်။ ပစ္စည်းအပျောက်အရှများမည်။ တစ်ပါးသူအားကိုး၍ မျှော်လင့်စောင့်စား ဆိုင်းငံ့ထားသည်များ ကိုယ်တိုင်ဆောင်ရွက်ပါ။ အလုံးစုံအဆင်ပြေအောင်မြင်သွားမည်။ စိတ်ရှည်လက်ရှည်ကြိုးစားဆောင်ရွက်ထားသည်များမှ ကောင်းသောအကျိုးဆက်များရရှိမည်။ မတော်တဆထိခိုက်မှု အန္တရာယ်ဂရုစိုက်ပါ။ အလောတကြီး ငွေမြှုပ်နှံခြင်း၊ အလောတကြီးဆောင်ရွက်ခြင်းမပြုရ။ အရှုံးပေါ်တတ်သည်။ လုပ်ငန်းခွင်အတွင်း ရန်ပဋိပက္ခများဖြစ်ပေါ်နိုင်သည်။

## ဇွန် ၂၂ ရက် မှ ဇူလိုင် ၂၂ ရက် ဝါဆိုလ (CANCER) (ကရကဋ်ရာသီ)

June 4th မှ June 10th ကြား

အခြေအနေသစ်များ ပေါ်ထွန်းမည်။ အပြောင်းအလဲကိစ္စအတွက် ဆောင်ရွက်ရန်အခါကျရောက်မည်။ ဆုံးဖြတ်ချက်ခိုင်မာမည်။ အပြိုင်အဆိုင်များကျော်လွှားနိုင်မည်။ လူမျိုးကွဲအကျိုးပေးမည်။ အလုပ်သစ်၊ အကြံသစ်များ လုပ်ကိုင်နိုင်မည်။ တစ်ပိုင်းတစ်စ မပြီးပြတ်သေးသောကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်။ လုပ်ငန်းဟောင်း၊ ဆောင်ရွက်မှုဟောင်းများကို အဆုံးသတ်၍ စီးပွားသစ်များထွင်း ဖောက်လုပ်ကိုင်နိုင်သည်။ တစ်ခုထက်မကသော လုပ်ငန်းများကို တစ်ပြိုင်နက်တည်း ဆောင်ရွက်အောင် မြင်နိုင်မည်။ လှုပ်ရှားခရီးသွား၍ အကျိုးရှိမည်။ အပြောင်းအလဲမရှိသည့် လုပ်ငန်းကိုပင် အသွင်ပြောင်း၍ လုပ်က အောင်မြင်မှုအခြေအနေ မြင့်မြင့်မားမားရရှိမည်။ ဆုံးဖြတ်ချက်များမှန်ကန်မည်။

## ဇန်နဝါရီ ၂၁ ရက် မှ ဖေဖော်ဝါရီ ၁၈ ရက် တပို့တွဲလ (AQUARIUS) (ကုမ်ရာသီဖွား)

June 4th မှ June 10th ကြား

လုပ်နေကျမဟုတ် ကျွမ်းကျွမ်းကျင်ကျင်လည်းမရှိသည့်အပြင် တာဝန်ယူ၍မရသော အလုပ်ကိစ္စများကို တာဝန်ယူလုပ်ကိုင်ရင်း စိတ်အနှောင့်အယှက်များ ဖြစ်လာတတ်သည်။ လုပ်ငန်းခွင်မှသူများအဖို့ အဆင့်တူချင်းက ဒုက္ခပေးခြင်း၊ ငယ်သားများက ပြောစကား၊ ဆိုစကားနားမထောင်ခြင်းများအတွက် အထက်လူကြီးများက "မပြောဘူးလား၊ မဆုံးမဘူးလား"ဟူသော စကားနစ်ခွန်းနှင့် မိမိအား ပြစ်တင်မှုပြုခြင်းကို ခံရကိန်းကြုံမည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများအဖို့ ငွေကြေးကြိုတင်ပေးထားသူများက မှာကြားထားသည်နှင့်အညီမလုပ်ဘဲ ကတိပျက်၍ စိတ်အနှောင့်အယှက်များ ဖြစ်ရမည်။ အိမ်တွင်လည်းကောင်း၊ လုပ်ငန်းခွင်တွင်လည်းကောင်း အလုပ်သမားရေးရာများ ဖြေရှင်းရမည်။

# အားကစား

## ယာယာ တိုရေးလ်အား ယူရို ၂၁သန်းဖြင့် ကမ်းလှမ်းရန် ပြင်ဆင် နေသည့် မန်ချက်စတာ ယူနိုက်တက်

အင်္ဂလန် ကလပ် မန်ချက်စတာ ယူနိုက်တက် အသင်းသည် ဘာစီလိုနာ အသင်းမှ ကွင်းလယ် ကစားသမား ယာယာ တိုရေးလ်အား ယူရို ၂၁သန်းဖြင့် ကမ်းလှမ်းရန် ပြင်ဆင်ထားသည်ဟု သိရသည်။သတင်းများ အဆိုအရ မန်ယူ အသင်း မန်နေဂျာ ဆာအဲလက်စ် ဖာဂူဆန်သည် အသင်း၏ ကွင်းလယ်အား အင်အားသစ် ဖြည့်တင်းရန် အလိုရှိနေပြီး အထူးသဖြင့်ဒဏ်ရာများနှင့်သာ ရုန်းကန် နေရသည့် အိုဝင်ဟာဂရေ့ဗ်နှင့် ပုံမှန်ခြေစွမ်း ပျောက်ဆုံးနေသည့် ကာရစ်၊ အန်ဒါဆန် တို့ နေရာတွင် အစားထိုးရန် တိုရေးလ်အားအလိုရှိ နေခြင်းဖြစ်သည်ဟုသိရသည်။ ဖာဂူဆန်သည် အသက် ၂၇နှစ် အရွယ် အိုင်ဗရီကို့စ် ကစားသမားအား အသင်း၏ ကွင်းလယ် ခံစစ် နေရာအတွက် အဓိက ပစ်မှတ် ထားနေခြင်း ဖြစ်ပြီး ဘာစီလိုနာ အသင်း အနေဖြင့်မူ ထို ကစားသမား အတွက် ယူရို သန်း ၃၀မှ ၃၅သန်း အတွင်း အလိုရှိ နေသည်ဟုလည်း သိရသည်။ တိုရေးလ်သည် အသင်းတွင် ပုံမှန် နေရာ မရရှိခြင်းကြောင့် အသင်း ပြောင်းရွှေ့ လိုနေသည့် ကစားသမား ဖြစ်ပြီး ပရီးမီးယားလိဂ်တွင် ကစားလိုသည်ဟု ဖွင့်ဟ ပြောကြား ထားခဲ့ဖူးသူလည်း ဖြစ်သည်။ ၎င်းအား အာဆင်နယ်၊ မန်စီးတီး အသင်းတို့ကလည်း စိတ်ဝင်စား နေကြပြီး ယခု အခါ မန်ယူ အသင်းကပါ ခေါ်ယူရန် ကြိုးပမ်း လာခဲ့ခြင်း ဖြစ်သည်။

## ရန်ကုန် ယူနိုက်တက် အသင်းသည် ပြီးခဲ့သည့် ဥသဘာ ယူနိုက်တက်နှင့် ပွဲစဉ်တွင် တာဝန်ယူ ကိုင်တွယ်ခဲ့သော ကွင်းလယ် ဒိုင်လူကြီး၏ ဆုံးဖြတ်ချက် များနှင့် ပတ်သက်၍ မေလ ၂၄ရက်နေ့က မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ထံ ကန့်ကွက်စာ တင်သွင်း ခဲ့ကြောင်း သိရသည်

ရန်ကုန် ယူနိုက်တက် အသင်းသည် ဒိုင်ဖြစ်သူ ဦးဝင်းထွဋ်၏ စွမ်းဆောင်ရည်နှင့် ပတ်သက်၍ အသင်းပိုင် ဝက်ဘ်ဆိုက်၌ ဝေဖန်မှုများ ပြုလုပ်ခဲ့ပြီး "ကွင်းလယ်ဒိုင်၏ ဆုံးဖြတ်ချက် အမှားများနှင့် Professional မပီသခြင်း တို့အား ဤပွဲစဉ်ကို ကြည့်ရှုနေသော ဘောလုံးအကြောင်း နားလည်သူတိုင်း သိရှိပါသည်။ ထိုကဲ့သို ဒိုင်လူကြီး၏ ဆုံးဖြတ်ချက် အမှားများသည်မြန်မာ ဘောလုံးလောက တိုးတက်ရေး အတွက် တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်း ကြိုးပမ်းနေသော YUFC အသင်းကြီး အတွက် အဟန့်အတား တစ်ခု ဖြစ်စေပါသည်" ဟု ဖော်ပြ ထားသည်။ ထို့ပြင် ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်သည် သိုက်သိုက်ဝန်းဝန်း၊ ယဉ်ယဉ်ကျေးကျေး၊တည်တည်ငြိမ်ငြိမ်အားပေးကြသည့်ပရိသတ်များအားဆူပူအောင် လုပ်နေသကဲ့သို့ ဖြစ်ကြောင်း၊ မြန်မာဘောလုံးလောက တိုးတက်ရေး အတွက် နှောင့်နှေးစေကြောင်း၊ ထို့ကြောင့် ရန်ကုန် ယူနိုက်တက် အသင်း အနေဖြင့် ကန့်ကွက်စာ တင်သွင်းရခြင်း ဖြစ်ကြောင်းလည်း ရှင်းလင်း ဖော်ပြ ထားသည်ကို တွေ့ရသည်။ရန်ကုန် ယူနိုက်တက် အသင်း ဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇ ကလည်း ၎င်းတို့ အသင်း အနေဖြင့် ဒိုင်ဖြစ်သူ များ၏ ဆုံးဖြတ်ချက် များနှင့် ပတ်သက်၍ နစ်နာခဲ့ပေါင်းများပြီဟု ပြောကြားခဲ့ပြီး ၎င်းတို့၏ ကန့်ကွက်စာ များကိုလည်း အရေးတယူ ဆောင်ရွက် ပေးခဲ့ခြင်း မရှိကြောင်း ဖွင့်ဟခဲ့သည်။ "ငွေသန်းပေါင်း များစွာ အကုန် အကျခံပြီး ငွေအင်အား လူအင်အား အလုံး အရင်း ဖြင့် မြန်မာ့ ဘောလုံးလောက တိုးတက်စေရန် တတပ်တအား ကြိုးပမ်း နေပါသဖြင့် ယခု ကန့်ကွက်စာကို မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ် အနေဖြင့် အရေးတယူ စဉ်းစားဆောင်ရွက် ပေးလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ဒိုင်လူကြီး၏ အမှားများကို သိသိသာသာ တွေ့မြင်နေ ရပါလျက်နှင့် အရေးယူမှု တစ်စုံတစ်ရာ မရှိခဲ့ပါက မိမိတို့အနေဖြင့် ဘောလုံးအသင်းအားဆက်လက်တာဝန်ယူနိုင်မည် မဟုတ် တော့ကြောင်း" စသဖြင့် အသင်းပိုင် ဝက်ဘ်ဆိုက်သို့ ပြောကြားခဲ့သည်။

## ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပယ်နယ်တီကန်သွင်းမှုနှင့်ပတ်သက်၍ စည်းမျဉ်းသစ်တစ်ခု ထုတ်ပြန်ကြေညာ

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) နှင့် နိုင်ငံတကာဘောလုံးဘုတ်အဖွဲ့ (IFAB) တို့သည် တောင်အာဖရိကနိုင်ငံတွင် ဇွန်လ ၁၁ ရက်နေ့မှ ဇူလိုင် လ ၁၁ ရက်နေ့အထိ ကျင်းပမည့် ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ပယ်နယ်တီကန်သွင်းမှုနှင့် ပတ်သက်၍ စည်း မျဉ်းသစ်တစ်ခုကို ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။ အဆိုပါ စည်းမျဉ်းသစ်အရ ပြိုင်ပွဲဝင်အသင်းများမှ ပယ်နယ်တီကန်သွင်းမည့် ဘောလုံးသမားများသည် ပယ်နယ်တီမကန်မီအချိန်တွင် ပြိုင်ဘက်အသင်းမှ ဂိုးသမားကို အနှောင့်အယှက်ဖြစ်စေသည့် အပြုအမူမျိုး ပြုလုပ်ခြင်း၊ ဘောလုံးကို ကန်ရန်ပြေးလာရာမှ ရုတ်တရက် ရပ်တန့်၍ ပြိုင်ဘက်ဂိုးသမား ဟန်ချက်ပျက်သည့်အချိန်မှ ကန်သွင်းခြင်း စသည်အပြုအမူတို့ကို ပြုလုပ်ခွင့်ရှိတော့မည်မဟုတ်ကြောင်းသိရသည်။အကယ်၍ ယင်းကဲ့သို့ အပြုအမူမျိုး ပြုလုပ်မည်ဆိုပါက အားကစားသမား မပီသသည့်အပြုအမူဟု သတ်မှတ်ကာ ပင်နယ်တီကန်သွင်းသည့် အားကစားသမားကို အဝါကတ်ပြ၍ သတိပေးခြင်းခံရမည် ဖြစ်ကြောင်း သိရသည်။ယင်းစည်းမျဉ်းနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များကို အရန်ဒိုင်လူကြီးမှစောင့်ကြည့်၍ ဆုံးဖြတ်ချက်များ ချမှတ်သွားရမည်ဖြစ်ပြီး အဆိုပါ ပင်နယ်တီကန်သွင်းခြင်းဆိုင်ရာ စည်းမျဉ်းသစ်မှာ လာမည့် ဇွန်လ ၁ ရက်နေ့တွင် စတင်အကျိုးဝင်မည် ဖြစ်ကြောင်းသိရပြီး ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ပွဲစဉ်များတွင်လည်း သက်ရောက်မှုရှိမည်ဖြစ်ကြောင်း သိရသည်။

# အနုပညာ

## ခုတော့ အင်တာဗျူးတွေကို သေသေချာချာအချိန်ပေးပြီး ဖြေပါတော့မယ် ပြောလာတဲ့ L ဆိုင်းဇီ

အုပ်စုခွေတွေမှာ သီဆိုရင်း အောင်မြင်မှုရလာတဲ့ L ဆိုင်းဇီတစ်ယောက် ထွက်မယ်၊ ထွက်မယ်နဲ့ကြာနေတဲ့ သူမတစ်ကိုယ်တော်ခွေ ဝေခွဲမရပါလားက အခုတော့ ပရိသတ်ရှေ့မှောက်ရောက်လာခဲ့ပါပြီ။ "ပရိသတ်ကလည်း ဆိုင်းဇီနဲ့တွေ့ရင် ဘယ်တော့ထွက်မလဲဆိုပြီး တစ်မေးတည်းမေးနေကြတယ်။ ကိုယ့်ဘက်ကလည်း နည်းနည်းကြာသွားခဲ့ပါတယ်။ အတွဲခွေတွေမှာ အောင်မင်တော့ နောက်ခွေတွေမှာဆိုဖို့ လာကမ်းလှမ်းတယ်။ ကိုယ့်ဘက်ကလည်း ပရိသတ်နဲ့ အဆက်ပြတ်မှာဆိုးပြီး အတွဲခွေတွေမှာ ဆိုဖြစ်တယ်။ ရှိုးပွဲအချိန်ရောက်လာရင် ရှိုးပွဲတွေ ဆက်တိုက် ဆိုဖြစ်တော့ အခွေဘက်မှာ နည်းနည်းကြန့်ကြာသွားတယ်။ Single ခွေ ထွက်မယ့်သတင်းကိုကြားပြီး တချို့ဆိုရင် ဆိုင်းဇီကို ဘယ်နခွေမြောက်ထွက်တာလည်းဆိုပြီး မေးကြတယ်။ အမှန်တော့ တစ်ခွေတည်းတောင် ကိုယ့်ဘက်က အရမ်းကြန့်ကြာခဲ့ရတယ်။ တော်တော်လေး ကြိုးစားခဲ့ရပါတယ်။ ဝေခွဲမရပါလားကို ပရိသတ်တွေကြိုက်ကြမယ်ထင်ပါတယ်"လို့ Lဆိုင်းဇီက ပြောလာခဲ့ပါတယ်။ ဆက်လက်ပြီး Lဆိုင်းဇီကို အင်တာဗျူးမေးဖို့ ချိန်းဆိုရနည်းနည်းခက်တယ်ဆိုတဲ့ သတင်းတွေနဲ့ပတ်သက်ပြီး မေးကြည့်တော့ "အရင်က အလုပ်ကများတော့ ကိုယ့်ဘက်က အချိန်သိပ်မပေးနိုင်ဘဲ ကြန့်ကြာတဲ့သဘောဖြစ်သွားပါတယ်။ ခုတော့ ဆိုင်းဇီဘက်က ပရိသတ်အတွက် အင်တာဗျူးတွေကို သေသေချာချာအချိန်ပေးပြီး အဖြေပေးပါတော့မယ်။ ကြန့်ကြာတာမျိုးမရှိအောင် ဂရုစိုက်ပါမယ်လို့" ပြောလာခဲ့ပါတယ်။ (၂၀၁၀ခုနှစ် ဖွန်လ ၆ရက်နေ့ထုတ် 7 Day News ဂျာနယ်)

## အချိန်တိုအတွင်း ပရိသတ်ရသွားခဲ့သည့် R&B အဆိုတော် ဘန်နီဖြိုး

ယနေ့ခေတ် ရှိုးပွဲကြည့်လူငယ်ပရိသတ်များကြားတွင် Underground အဖွဲ့များ၏ နမူနာအခွေဝေသည့်အလေ့အထခေတ်စားခဲ့သည်မှာ အတော်ကြာခဲ့ပြီး ယင်းလမ်းကြောင်းမှတစ်ဆင့် အောင်မြင်မှုရရှိသွားသည့် R&B နှင့် Pop အဆိုတော်ဘန်နီဖြိုးမှာ အချိန်တိုအတွင်း ပရိသတ်အားပေးမှု ရရှိနေပြီဖြစ်သည်။ ၂၀၀၉ခုနှစ် အောက်တိုဘာတွင်ပြုလုပ်သည့် ဟစ်ပ်ဟော့ပ်ရှိုးပွဲတွင် ပထမဆုံးစင်မြင့်အတွေ့အကြုံယူခဲ့ပြီး သူ့သီချင်းများကို ဖြန့်ဝေခဲ့ခြင်းကလည်း ဘန်နီဖြိုးနှင့် ပရိသတ်ကို ကြိုတင်ရင်းနှီးစေခဲ့သည်။ "ဖြန့်လိုက်တဲ့သီချင်းတွေကို ထိန်ဝင်းကရသွားပြီး သီချင်းလုပ်ရအောင်လို့ ဆက်သွယ်တာနဲ့ ပထမဆုံးနမူနာခွေဝေဖြစ်ခဲ့တယ်။ ကျွန်တော် Underground အနေနဲ့ တစ်နှစ်ခွဲလောက်ပဲ ကြာခဲ့တယ်။ ပထမဆုံးရှိုးပွဲမှာတော့ ပရိသတ်အနည်းဆုံးတစ်ယောက်လောက်တော့ သိခဲ့ပါတယ်" ဟု ဘန်နီဖြိုးကပြောသည်။ အသက် ၁၇နှစ်သာရှိသေးသော်လည်း သူရေးသားသီဆိုသည့် သီချင်းအချို့မှာ လူလတ်ပိုင်းအရွယ်အထိ အားပေးမှုများရနေခြင်းအပေါ် " သီချင်းတွေကို ကိုယ်တိုင်စိတ်ကူးယဉ်ပြီးရေးတာရှိသလို သူငယ်ချင်းတွေရဲ့ ခံစားချက်တွေကို နားထောင်ပြီးရေးတာလည်းရှိတယ်။ အပြင်မှာ အခုပြန့်နေတဲ့သီချင်း ၁၀ပုဒ်ကျော်ရှိပါပြီ။ နောက်ထပ်အသစ်တွေကိုတော့ တစ်ကိုယ်တော်အခွေအတွက် စုထားလိုက်ပါပြီ"ဟု ထပ်မံပြောပြသည်။ ဆိုခဲ့သမျှ ရှိုးပွဲများ အနက် ၂၀၁၀နှစ်သစ်ကူးရှိုးနှင့် စိုင်းစိုင်း Birthday Show တို့ကို အားရကျေနပ်မှုရှိပြီး ကိုကိုနှင့် ခင်မင်ရာမှတစ်ဆင့် စိုင်းစိုင်းရှိုးတွင် သီဆိုဖြစ်ကြောင်းလည်း သိရသည်။ "နှစ်ပတ်လည်"သီချင်းဖြင့် ဘန်နီဖြိုးဟု လူသိလာခဲ့ပြီး "အလွမ်းပြေအနမ်း၊ ချစ်တယ်ဟုတ်" စသည့်သီချင်းများမှာ ပရိသတ်အကြိုက်နှင့် သူ့အကြိုက် ထပ်တူဖြစ်ခဲ့သည်ဟု ပြောသည်။

(၂၀၁၀ခုနှစ် ဖွန်လ ၃ရက်နေ့ထုတ် 7 Day News ဂျာနယ်)